
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၂၆၅/၂၀၀၄ (၄)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၄၄/၂၀၀၄ (၆)

**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်**

သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)

ဦးတင်မောင်ဝင်း

အမှတ် ၁၊ မိုလ်ရာညွှန့်လမ်း

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကံချွန် (ကံချွန်စာပေ)

ဇ-၈၊ (၄၄)၊ သိုးခြံမြို့သစ်၊ မန္တလေးမြို့။

**မျက်နှာဖုံးဒီဇိုင်း**

ကံချွန်

**ထုတ်ဝေသည့်ကာလ**

၂၀၀၄၊ ဇူလိုင်၊ ပထမအကြိမ်

**စောင်ရေ**

၁၀၀၀

**စာအုပ်ချုပ်**

ကိုမြင့်

**ကွန်ပျူတာစာစီ**

ဘဲကလေး

**တန်ဖိုး**

၅၀၀ ကျပ်

## မာတိကာ

| | | |
|---|---|---|
| ၁။ | ကျေပါတယ် | ၁ |
| ၂။ | အဆင်ကိုပြေလို့ | ၁ |
| ၃။ | အရင်ကဟာတွေပဲ ဝတ်တော့မယ် | ၂ |
| ၄။ | ဘယ်လိုနေရပါ့ | ၂ |
| ၅။ | လိမ္မာလွန်းလို့ | ၃ |
| ၆။ | ကုန်ပြီ | ၃ |
| ၇။ | ဝင်တွေ့ရတဲ့အကြောင်းအရင်း | ၄ |
| ၈။ | တမ်းတမိတဲ့လက်ကျန် | ၅ |
| ၉။ | မင်းတို့အတွက် | ၅ |
| ၁၀။ | ဒီလိုကိုး | ၆ |
| ၁၁။ | ဒါလေးများ | ၆ |
| ၁၂။ | လူမြင်တာမှတ်လို့ | ၇ |
| ၁၃။ | မင်းမသိချင်ပါနဲ့ | ၈ |
| ၁၄။ | တွေ့မှ | ၈ |
| ၁၅။ | စီးပွားရေးအမြင် | ၉ |
| ၁၆။ | လှလေခက်လေ | ၉ |
| ၁၇။ | မထိုင်ဘူးလေ | ၁၀ |
| ၁၈။ | နှစ်ကိုယ့်တစ်စိတ် | ၁၀ |
| ၁၉။ | အစိကလည်းငါပဲ | ၁၁ |
| ၂၀။ | ကံစမ်းမဲ | ၁၂ |

www.burmeseclassic.com

www.burmeseclassic.com


၂၁။ နေရာ ၁၃
၂၂။ သက်သာတယ်မှတ်ပါ ၁၄
၂၃။ မမြည်တာလည်းရှိပါတယ် ၁၅
၂၄။ တစ်ဝက်ပြတ်ပြီ ၁၅
၂၅။ ပြောတိုင်းယုံ ၁၆
၂၆။ မန်နေဂျာရဲ့အရည်အချင်း ၁၆
၂၇။ မတူဘူးလေ ၁၇
၂၈။ ယောကျ်ားတို့အကြောင်း၊ မိန်းမတို့အကြောင်း ၁၇
၂၉။ အရာမရောက်မှတော့ ၁၈
၃၀။ အတော်ညံ့တာပဲ ၁၈
၃၁။ အမိန့်ပေးတတ်လို့ ၁၉
၃၂။ ဝယ်သာဝယ်ပါ ၁၉
၃၃။ အဲသလောက်မလိုပါဘူး ၂၀
၃၄။ သန့်ကြောင်းသက်သေ ၂၀
၃၅။ ငါ့မိန်းမပါ ၂၀
၃၆။ နောက်ဆုံးတိုက်ကွက် ၂၂
၃၇။ အနံ့ရနိုင်သေးတယ် ၂၃
၃၈။ ဟိုတစ်ပတ်ကဖြစ်လိမ့်မယ် ၂၄
၃၉။ ပိုင်လိုက်ပုံ ၂၅
၄၀။ ရေမိမောင့်မှား ၂၅
၄၁။ ဒါလည်းကောင်းတာပဲ ၂၆
၄၂။ အပျိုကြီးမာန ၂၇
၄၃။ မြန်လုံး ၂၇
၄၄။ တော်ပါပေတယ် ၂၈
၄၅။ ဒါပဲကိုယ့်လူ ၂၉
၄၆။ အဲဒါတော့မပိတ်နဲ့ ၂၉
၄၇။ နေမြဲ ၃၀
၄၈။ ရတဲ့အမြတ် ၃၀
၄၉။ လာမယ့်နှစ်မှာတော့ ၃၀
၅၀။ ဝယ်သူအမြဲမှန်တယ် ၃၂
၅၁။ ရောင်းပြီးပြီ ၃၂
၅၂။ ဟုတ်တာပဲ ၃၃
၅၃။ စောစောကပြောပါလား ၃၄
၅၄။ ခံစားမှု ၃၄
၅၅။ မွေးတယ်ဆိုလို့ ၃၅
၅၆။ လျှမယ်သာပြော ၃၆
၅၇။ အိုနေလို့ ၃၆
၅၈။ ရည်ရွယ်ချက် ၃၇
၅၉။ လေရှိရင် ငွေရှိတယ် ၃၇
၆၀။ နောက်မမေ့နဲ့ ၃၈
၆၁။ ထိုင်နေတာပဲ ကောင်းပါတယ် ၃၉
၆၂။ ငါးထောင်မို့ပါ ၃၉
၆၃။ ခုတော့ ကောင်းကြသေးရဲ့လား ၄၀
၆၄။ လိုချင်တဲ့အရည်အချင်း ၄၀


www.burmeseclassic.com

www.burmeseclassic.com


၆၅။ အစရှိသေးတယ် ၄၁

၆၆။ ဝေးဖို့ရာဆိုရင် ၄၁

၆၇။ တစ်သက်လုံးပဲ ၄၂

၆၈။ မှားပါတယ် ၄၂

၆၉။ ကိုယ့်စောင့်နတ်မကယ်နိုင် ၄၃

၇၀။ အကြွေးရှိတယ်လေ ၄၃

၇၁။ နင်သိလည်း အပိုပဲ ၄၄

၇၂။ ပေးစရာမရှိလို့ ၄၄

၇၃။ ပန်းပန်လျှက်ပါ ၄၅

၇၄။ ကျွန်တော့်ကိုယ်စားပြောပေးပါ ၄၆

၇၅။ တူတယ်ထင်ရင် ၄၇

၇၆။ မပြောင်းလဲပါဘူး ၄၈

၇၇။ ကျွန်တော်ကတော့ ထားပါတယ် ၄၈

၇၈။ ဘာထူးလဲ ၄၉

၇၉။ ကွဲပြားတာတ ၄၉

၈၀။ ခဏချင်းဖြင့် မတူပါလေ ၅၀

၈၁။ အမြွတ် ၅၀

၈၂။ ညံ့တာသိသွားလို့ ၅၁

၈၃။ အမှားပြင်ဆင်ချက် ၅၁

၈၄။ မပေါ်သေးတဲ့အဖြေ ၅၂

၈၅။ မန်နေဂျာဖြစ်ဖြစ် ဒါရိုက်တာဖြစ်ဖြစ် ၅၃

၈၆။ အလွန် ၅၄

သိချင်ဝယ်ဖတ် ၅၄

အဲဒါတော့ ၅၅

ဟုတ်ပါပေတယ် ၅၆

သူ့အကြောင်းကိုယ့်အကြောင်း ၅၇

လေကိုရင်းနှီးသူများ ၅၈

အေးရော ၅၉

မင်းထက်တတ်တယ် ၅၉

ကြိုက်တဲ့အရည်အချင်း ၆၀

အတိတ်အတွက်ပစ္စုပ္ပန် ၆၀

သူ့ဆီကပညာ ၆၁

စာဟောင်း၊စာကောင်း ဝယ်ဈေးရောင်းဈေး ၆၁

ပြုပ်ပြီးတော့ပြုတ် ၆၂

ဝယ်သူအမြဲမှန်တယ် ၆၂

အထင်မသေးပါနဲ့ ၆၃

တွက်ကြားစံချိန် ၆၃

ပေနှင့်တွက်ကြည့်ပါ ၆၄

လေနည်းနည်းလျှော့ ၆၅

ငွေမရလို့ ၆၆

ရှင်းအောင်ပြောပါ ၆၆

လင်မယားမို့ ၆၇

ကျားရှေ့မှောက်လဲသူ ၆၈

ဆန့်ကျင်ဘက်တို့စုစည်းရာ ၆၉


www.burmeseclassic.com

www.burmeseclassic.com


၁၀၉။ အတတ်သိတယ် ၆၉
၁၁၀။ မှားတတ်ပလေ ၇၀
၁၁၁။ ပြောလေ ၇၀
၁၁၂။ သူတစ်ယောက်တည်းကောင်းဖို့ရောက်မှု ၇၂
၁၁၃။ ဝင်ငွေကောင်းတဲ့အလုပ် ၇၂
၁၁၄။ သူ့ခေတ်နဲ့သူ ၇၃
၁၁၅။ ဝုတ် ၇၃
၁၁၆။ အချစ်ရေးသူ့ကြောင့် ၇၄
၁၁၇။ မနှောင်ယှက်ချင်နေ မကူညီပါနှင့် ၇၄
၁၁၈။ အထင်ကြီးခံရဖို့လိုတယ် ၇၅
၁၁၉။ အံဝင်လို့ ၇၅
၁၂၀။ ပြန်ရောင်းဖို့ ၇၆
၁၂၁။ စားချင်ရင် ၇၇
၁၂၂။ ညီပါပေတယ် ၇၈
၁၂၃။ အားလုံးအတူတူပဲ ၇၈
၁၂၄။ အချက်ပြဆက်သွယ်ရေး ၇၉
၁၂၅။ ဦးဖွ ၈၀
၁၂၆။ ကွက်ကြားမိုး ၈၂
၁၂၇။ မကျေနပ်က တိုင်ကြားပါဆိုလို့ ၈၃
၁၂၈။ သင့်တာက ၈၄
၁၂၉။ ယှဉ်ကြည့်ဖို့ ၈၄
၁၃၀။ သေးမရရင်ကြိုးလိုက်ပါ ၈၅
၁၃၁။ မှိုခိုသူလက္ခဏာ ၈၅
၁၃၂။ ချွင်းချက် ၈၆
၁၃၃။ အချစ်လက်ကျန် ၈၆
၁၃၄။ အငွေ့ပဲရှု ၈၇
၁၃၅။ ကြိုက်တာဘာကြောင့်ဆိုသည် ၈၈
၁၃၆။ တတ်လည်းတတ်နိုင်တြပါတယ် ၈၉
၁၃၇။ ဖြစ်တတ်တယ် ၈၉
၁၃၈။ လိုသုံး ၊ အပိုသုံး ၉၀
၁၃၉။ လပ်နေတဲ့အလယ် ၉၁
၁၄၀။ နှစ်ယောက်အား ၉၁
၁၄၁။ ကြိုတင်ကာကွယ်ရေး ၉၂
၁၄၂။ အရှုံးထဲကအမြတ် ၉၃
၁၄၃။ ရှာပေးပါ ၉၃
၁၄၄။ တွက်ကိန်း ၉၄
၁၄၅။ ဝင်ဟဲ့ ၉၅
၁၄၆။ တော့်ဟာတော့ မဖြစ်နိုင်ဘူး ၉၆
၁၄၇။ အကြောင်းပြချက်ပြောင်းပေးပါ ၉၇
၁၄၈။ ပျက်ပြီးရင်းပျက် ၉၇
၁၄၉။ ဖျော်ရာမှာမနေရ ၉၈
၁၅၀။ ရှက်သင့်ပါတယ် ၉၉
၁၅၁။ သြော်ခင်ဗျားက ၉၉
၁၅၂။ စေတနာနဲ့ ၁၀၀


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၅၃။ | ကျသင့်ငွေလက်ရေး | ၁၀၀ |
| ၁၅၄။ | ပူးတွဲချန်ပီယံ | ၁၀၁ |
| ၁၅၅။ | တို့ကဘာနဲ့စားမှာလဲ | ၁၀၁ |
| ၁၅၆။ | တတ်သလားမမေးနဲ့ | ၁၀၂ |
| ၁၅၇။ | မပူနဲ့ | ၁၀၂ |
| ၁၅၈။ | မရတဲ့ဝန်ဆောင်မှု | ၁၀၃ |
| ၁၅၉။ | လက်ကျွန် | ၁၀၃ |
| ၁၆၀။ | လိမ့်ဖို့ပဲ လုပ်တာပါ | ၁၀၄ |
| ၁၆၁။ | စီစဉ်ပုံက | ၁၀၄ |
| ၁၆၂။ | ညစာ စားပွဲစကားဝိုင်း | ၁၀၅ |
| ၁၆၃။ | ကူးစက်ရောဂါ | ၁၀၆ |
| ၁၆၄။ | သူနေရာနဲ့သူ | ၁၀၇ |
| ၁၆၅။ | ကြော်ငြာ | ၁၀၇ |
| ၁၆၆။ | ပြချင်လို့ | ၁၀၈ |
| ၁၆၇။ | ယုံပါ | ၁၀၉ |
| ၁၆၈။ | အားလုံးသူသိတယ် | ၁၀၉ |
| ၁၆၉။ | ဒါလေးများ | ၁၁၀ |
| ၁၇၀။ | ရှင်းမိမှ | ၁၁၁ |
| ၁၇၁။ | ဘယ်ဟာက ပိုအရေးကြီးသလဲ | ၁၁၂ |
| ၁၇၂။ | ပြေးမလွတ် | ၁၁၃ |
| ၁၇၃။ | စွယ်စုံမို့ | ၁၁၃ |
| ၁၇၄။ | ဖြစ်နိုင်ခြေ | ၁၁၄ |
| ၁၇၅။ | နားလို့ရတယ်လေ | ၁၁၄ |
| ၁၇၆။ | စောင့်ရမယ့်အချိန် | ၁၁၅ |
| ၁၇၇။ | နှစ်ကိုယ်ခွဲ | ၁၁၅ |
| ၁၇၈။ | အစစ်တွေကဇနီးဆီမှာ | ၁၁၆ |
| ၁၇၉။ | ရှင်းတမ်း | ၁၁၆ |
| ၁၈၀။ | ငိုင်လောက်တယ် | ၁၁၇ |
| ၁၈၁။ | မရှိမဖြစ်ထေရီ | ၁၁၇ |
| ၁၈၂။ | ခုပဲပြောပါ့မယ် | ၁၁၈ |
| ၁၈၃။ | ရွှေလား | ၁၁၈ |
| ၁၈၄။ | ကံကောင်းတဲ့ဟိုတယ် | ၁၁၉ |
| ၁၈၅။ | နားပူမယ်လေ | ၁၁၉ |
| ၁၈၆။ | ဒီတစ်ခါ ဝယ်သူမှားတယ် | ၁၂၀ |
| ၁၈၇။ | ရှူးတိုးတိုး | ၁၂၁ |
| ၁၈၈။ | အထင်မလွဲပါနဲ့ | ၁၂၁ |
| ၁၈၉။ | ဟိုတယ်ရဲ့ စားသောက်ခန်းကြီးထဲမှာ | ၁၂၂ |
| ၁၉၀။ | စဉ်းစားစရာ | ၁၂၂ |
| ၁၉၁။ | ဒါဆိုလက်ခံပါတယ် | ၁၂၃ |
| ၁၉၂။ | နားလည်မှု | ၁၂၃ |
| ၁၉၃။ | တိုက်ဆိုင်ပုံက | ၁၂၄ |
| ၁၉၄။ | ဝယ်လို့မှမရနိုင်ဘဲ | ၁၂၄ |
| ၁၉၅။ | ပြောသားပဲ | ၁၂၅ |
| ၁၉၆။ | ပြဿနာတူ | ၁၂၅ |


www.burmeseclassic.com

www.burmeseclassic.com


၁၉၇။ ရတာမလို လိုတာမရ ၁၂၆
၁၉၈။ သုံးသာသုံး ၁၂၆
၁၉၉။ မေးမိမောင့်မှား ၁၂၇
၂၀၀။ စိတ်ပင်ပန်းတယ်လေ ၁၂၇
၂၀၁။ ဝမ်းနည်းသင့်ပါတယ် ၁၂၈
၂၀၂။ ငွေဆိုတာ ၁၂၈
၂၀၃။ ကိုယ့်ဂိုးကိုယ်ရှုံးမိခြင်း ၁၂၉
၂၀၄။ အိပ်ချိန် ၁၂၉
၂၀၅။ ခွဲခြားမေးပါ ၁၃၀
၂၀၆။ အဆင်ပြေအောင် ၁၃၀
၂၀၇။ အပေးအယူ ၁၃၁
၂၀၈။ ကဲသိပြီလား ၁၃၁
၂၀၉။ တန်အောင်လို့ ၁၃၂
၂၁၀။ စိတ်ချပါ ၁၃၂
၂၁၁။ ချက်ချင်းပြောပါလား ၁၃၃
၂၁၂။ အဖေတူသား ၁၃၄
၂၁၃။ သူတို့မှသိမှာ ၁၃၄
၂၁၄။ နားထောင်လိုက်ပုံက ၁၃၅
၂၁၅။ အချောင်ကြိုက်တာမဟုတ်ပါဘူး ၁၃၅
၂၁၆။ အလိုက်မယူပါဘူး ၁၃၆
၂၁၇။ ညီမျှတဲ့တန်ဘိုး ၁၃၆
၂၁၈။ မှန်သားပဲ ၁၃၇

၁၉။ ဒါမျိုးလည်း ရှိတယ် ၁၃၇
၂၀။ ဘယ်သူ့အပြစ်လဲ ၁၃၈
၂၁။ ရှောင့်ရဲနိုင်ပါတယ် ၁၃၈
၂၂။ အချိုးကျ ၁၃၉
၂၃။ မဖျော်လို့ ၁၃၉
၂၄။ အံမဝင်တာပါ ၁၄၀
၂၅။ အတိုးရော အရင်းရော အားလုံးဆောင်းတော့ ၁၄၀
၂၆။ ပွဲခ ၁၄၁
၂၇။ ခိုင်းတော့သက်ဝေ ၁၄၁
၂၈။ အရှုံးထဲကအမြတ် ၁၄၂
၂၉။ ကင်းပါတယ် ၁၄၂
၃၀။ ဝယ်ဈေး၊ရောင်းဈေး၊သွင်းဈေး ၁၄၃
အားငယ်တယ် ၁၄၃
အရှုံးအနိုင် ၁၄၄
စေတနာတွေ ၁၄၄
ခုမှ ပူသွားတာ ၁၄၅
တော်ရုံတန်ရုံ ၁၄၅
သူဌေးကြီးသိက္ခာမကျဖို့ ၁၄၆
အရှောင်အတိမ်း ၁၄၇
ခြေဆင်း ၁၄၈
ဖြေနိုင်ဘူး ၁၄၈
ရောင်းလက်လား ဝယ်လက်လား ၁၄၉


www.burmeseclassic.com

www.burmeseclassic.com


၂၄၁။ ရမှာမှမဟုတ်ဘဲ ၁၅

၂၄၂။ နှစ်ယောက်ပါ ၁၅

၂၄၃။ သူတို့ဆီမှာရှိတယ် ၁၅

၂၄၄။ တစ်ခြမ်းသီ ၁၅

၂၄၅။ သူ့ထက်သူ ၁၅

၂၄၆။ ကဲ သိပြီလား ၁၅

၂၄၇။ ဘယ်မှာ ငွေသုံးလို့လဲ ၁၅

၂၄၈။ တူတာမှတ်လို့ ၁၅

၂၄၉။ စာနာပါဦး ၁၅

၂၅၀။ သူမျှားတွေစားလေ ကျွန်တော်ပျော်လေ ၁၅

၂၅၁။ ဖြစ်မှ ဖြစ်ရလေ ၁၅

၂၅၂။ အဝေးလားအနီးလား ၁၅

၂၅၃။ ဆက်ရန်ရှိသေးသည် ၁၅

၂၅၄။ မလွဲသောအမှား ၁၅

၂၅၅။ ဒါတော့ ခင်ဗျားပြောမှလား ၁၅

၂၅၆။ မှတ်ထား ၁၆

၂၅၇။ ကျေနပ်ပါတယ် ၁၆

၂၅၈။ ရပိုင်ခွင့် ၁၆

၂၅၉။ ဆပ်ပေရော့ ၁၆

၂၆၀။ ကယ်လိုက်တဲ့အသက် ၁၆

၂၆၁။ သူ့ထက်သက်သာတာမရှိတော့ဘူး ၁၆

၂၆၂။ တော့ပ်တင်းန် (Top Ten) ၁၆

၂၆၃။ သက်သာအောင် ၁၆၄

၂၆၄။ စေ့စပ်ပါပေတယ် ၁၆၅

၂၆၅။ ကဲ ဘာတတ်နိုင်သေးလဲ ၁၆၆

၂၆၆။ ဖတ်စေချင်လို့ ၁၆၇

၂၆၇။ သားစဉ်မြေးဆက် ၁၆၇

၂၆၈။ ပိုင်ပါပေတယ် ၁၆၈

၂၆၉။ သိပါရစေ ၁၆၉

၂၇၀။ မရိုးရအောင် ၁၇၀

၂၇၁။ မေ့နေပြီလား ၁၇၀

၂၇၂။ အမှန်ပါပဲ ၁၇၁

၂၇၃။ မြေလေရာဘဝမှာ ၁၇၁

၂၇၄။ ရှင်းအောင်ပြောပါ ၁၇၂

၂၇၅။ ဆေးပြန်သုတ်တဲ့အတွေး ၁၇၂

၂၇၆။ ဈေးသည် နားလည်ပုံက ၁၇၃

၂၇၇။ လက်မခံနိုင်တာခွင့်လွှတ်ပါ ၁၇၃

၂၇၈။ စဉ်းစားစရာ ၁၇၄

၂၇၉။ ခက်လို့ ၁၇၄

၂၈၀။ လေနည်းနည်းလျှော့ ၁၇၅

၂၈၁။ မောင့်ရည်ရွယ်ချက် ၁၇၆

၂၈၂။ ကိုယ်တွေ့နော် ကိုယ်တွေ့ ၁၇၇

၂၈၃။ မတူဘူးလေ ၁၇၇

၂၈၄။ အထင်မကြီးနဲ့ ၁၇၈

www.burmeseclassic.com

၂၈၅။ မယုံမရှိနဲ့ ၁၇၈
၂၈၆။ ဘာထူးသလဲ ၁၇၉
၂၈၇။ ဝယ်လေ ၁၇၉
၂၈၈။ လက်စသတ်တော့ ၁၈၀
၂၈၉။ သတိရစေချင်ရင် ၁၈၀
၂၉၀။ ဘာထူးသလဲ ၁၈၁
၂၉၁။ သူ့ထက်သူ ၁၈၂
၂၉၂။ သိရမှာပေါ့ ၁၈၃
၂၉၃။ ပြောပါဦး ၁၈၃
၂၉၄။ မမိုက်ချင်နဲ့ ၁၈၄
၂၉၅။ အကြောင်းမသိလို့ ၁၈၄
၂၉၆။ အုဝဲအတွက် ရလိုက်တာ ၁၈၅
၂၉၇။ လက်တွေ့သမား ၁၈၆
၂၉၈။ သူ့အမည် ၁၈၆
၂၉၉။ ကျုပ်သာမလုပ်သင့်တာ ၁၈၇
၃၀၀။ ကတိပေးလေ ၁၈၈
၃၀၁။ အလုပ်ရှုပ်ခဲ့လို့ ၁၈၉
၃၀၂။ အရောင်းသွယ်တစ်ဆယ် ၁၈၉
၃၀၃။ သတင်းကောင်း ၁၉၀
၃၀၄။ လွယ်ခက် ၁၉၁
၃၀၅။ မင်းအတွက်ပြောတာပါ ၁၉၁
၃၀၆။ သိတယ်လေ ၁၉၂
၃၀၇။ တွေ့ကြသေးတာပေါ့ ၁၉၂
၃၀၈။ အခင်မပျက်အောင် ၁၉၃
၃၀၉။ ရှိးမှရှိး ၁၉၃
၃၁၀။ အမြတ်မလိုချင်မှတော့ ၁၉၄
၃၁၁။ ကျွန်တော်မမှားပါဘူး ၁၉၅
၃၁၂။ ရှင်းပြီလား ၁၉၆
၃၁၃။ သင့်တော်တဲ့အလုပ် ၁၉၆
၃၁၄။ တွေ့လိမ့်နိုး ၁၉၇
၃၁၅။ အကြွေးက အကြွေးပဲ ၁၉၇
၃၁၆။ ခွင့်ပြုနိုင်တာက ၁၉၈
၃၁၇။ ဒါနဲ့များ ၁၉၈
၃၁၈။ သက်သာချင်သူ ၁၉၈
၃၁၉။ မပူပါနဲ့ ၁၉၉
၃၂၀။ ရေရှည်ကြည့်ပြီ ၁၉၉

www.burmeseclassic.com

www.burmeseclassic.com



## တွေ့ပါတယ်



သူငယ်ချင်းနှစ်ယောက် မျက်နှာချင်းဆိုင်ပြီး –

၁ မင်းအလုပ်မရခင်ကလေ ငါ့အိမ်မှာ တစ်နှစ်စားသွားတာ မှတ်မိရဲ့လား

၃ အဲဒါကြောင့် ခု မင်းကို တစ်လ ပြန်ကျွေးထားတာပေါ့ကွာ။

☺ ☺ ☺

## ဘာသင်ကိုဖြေလို့



နယ်ကိုယ်စားလှယ်ကို ဗွီဒီယိုခွေ ပြန်ရိုးရေးက

"ယူမယ်မဟုတ်လား"

"မင်းသား မင်းသမီးက …"

"အရင်ကားကလိုပါပဲ"

"ဇာတ်လမ်းကရော"

"အရင်ကားလိုပါပဲ"

"ယူတာပေါ့ဗျား ကြိုက်ကြမှာ ပါ။ ကြည့်မှာလည်း အရင်ပရိသတ် ပဲ။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အရင်ကလောကတွေထဲ ဝတ်တော့မယ်

စတိုးဆိုင်မှာ အဝတ်အထည် ဈေးနှုန်းတွေကို ဖတ်ကြည့်ပြီး လူကြီး တစ်ယောက်က

"တော်သေးရဲ့ - လူတွေဟာ အသက် ၂၀ ရဲ့ နောက်ပိုင်းမှာ ဆက်ပြီး ကြီးထွားမှုမရှိလို့"

☺ ☺ ☺



## ဘာလိုနေရပါ့

"ငါ့သား ကိုယ့်မှာရှိတာလည်း လူ မသိစေနဲ့၊ ကိုယ့်မှာမရှိတာလည်း လူ မသိစေနဲ့။"

"ဘာလို့လဲ ဖေဖေ၊"

"ကိုယ့်မရှိတာ လူသိတော့ ဈေးဖို့ ငှားဖို့ခက်တယ်ကွ၊ ကိုယ့်မှာရှိတာလူသိပြန်တော့ ဈေးချင် ငှားချင်သူ ပေါတယ်ကွ။"

☺ ☺ ☺





## လိမ္မာလွန်းလို့

"အဲဒီခွေးက ဘယ်လောက်လဲ"

"ငါးသောင်းပါ"

"များလှချည်လား"

"လိမ္မာလွန်းလို့ပါ"

"ဘယ်လောက်များ လိမ္မာလို့လဲဗျာ"

"သစ္စာရှိတယ်လေ"

"ပြောပြစမ်းပါဦး"

"ကျွန်တော့် သူ့ကို ခုနစ်ကြိမ်ရောင်းပြီးပြီဗျာ၊ ရောင်းလိုက်ပြီးလို့ နေ့ဝက်မကျိုးခင် ကျွန်တော့်ဆီ ပြန်ရောက်လာတာပဲ။



☺ ☺ ☺

## ကုန်ပြီ

"ဟာ သူငယ်ချင်း မတွေ့တာ ကြာပြီ၊ ခုဘာလုပ်နေသလဲ"

အရင်ကတော့ အရောင်းအဝယ်ပဲ၊ ပြီးခဲ့တဲ့လကစပြီး အဝယ်ရပ်ထားတယ်ကွာ၊ ဒီရက်ပိုင်းမှာတော့ အရောင်းပါ ရပ်လိုက်ပါပြီ။



☺ ☺ ☺



www.burmeseclassic.com

## ဝင်တွေ့ရတဲ့ အကြောင်းရင်း

သူဌေးကြီးရုံးခန်းထဲကို လူတစ်ယောက်က ဝင်လာတော့

သူဌေး — ခင်ဗျား ကျွန်တော်နဲ့ တွေ့ခွင့်ကြိုတင်တောင်း ဆိုထားသလား။

ဧည့်သည် — မတောင်းပါဘူး ခင်ဗျာ။

သူဌေး — ဒါဆို ကျေးဇူးပြုပြီး ပြန်ထွက်သွားပါ။ အပြင်မှာ ကျွန်တော်ရဲ့အတွင်းရေးမှူးရှိပါတယ်။ စက္ကူထေရီဆီမှာ တွေ့ခွင့်တောင်းပါ။ တွေ့နိုင်တဲ့အချိန်ကို သူပြောပြပါလိမ့်မယ်။

ဧည့်သည် — သူက ဆရာ့ခွင့်ပြုမှ ဆိုလို့ပါ။



☺ ☺ ☺





## ကစားလုံးမိတဲ့ လက်တွန်း

ရုပ်ရှင်ရုံလက်မှတ်ရောင်းတဲ့နေရာမှာ

"ရုံဝင်ခတွေက"

"ခုနစ်ကျပ်၊ ငါးကျပ်၊ သုံးကျပ်၊ နှစ်ကျပ်"

"များလှချည်လား"

"ခုံတွေအကုန်လုံး ဆိုဖါတွေနဲ့ဗျ"

"အရင်ခုံ တစ်လုံးလောက် သွင်းမပေးနိုင်ဘူးလား"



☺ ☺ ☺

## မင်းတို့အတွက်

ကုန်သည်တစ်ယောက်နဲ့ပွဲစားတစ်ယောက် လက်ဖက်ရည်သောက်ရင်း စကားနိုင်လုပြောကြရာက ...

ပွဲစား — မင်း ငရဲကိုယုံသလား

ကုန်သည် — ယုံတယ်

ပွဲစား — ဘာလို့ယုံတာလဲ

ကုန်သည် — ငရဲမရှိရင် မင်းတို့သွားစရာနေရာ ဘယ်ရှိတော့မှာလဲ"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဒွိလိုတိုး



"ခင်ဗျားကြီးပွားချမ်းသာလာတာ ခင်ဗျားရဲ့ ဇနီးကြောင့်ဆို"

"ဟုတ်ပါတယ်"

"ဘယ်လိုကူညီလို့လဲဗျ"

"တစ်အိမ်တည်း အတူနေပေမယ့် စကားမပြောတာ သုံးနှစ်ရှိပြီဗျာ။ဒီတော့ သူ့ဘာမှမစွက်ဖက်ဘူး"

☺ ☺ ☺

## ဒါလေးများ



ဈေးဝယ် မင်းက ဒီအကျီဟာ သိုးမွေးဆို။ ဒီမယ် အတွင်းက တံဆိပ်မှာတော့ ချည်ထည်စစ်စစ် လို့ရေးတာပါလား။

ရောင်းသူ တံဆိပ် အတွက်တော့ စိတ် အနှောင့်အယှက် မဖြစ်ပါနဲ့ဗျာ။ ဖြုတ်ပြီး လွှင့်ပစ်လိုက်လို့ ရပါတယ်။


☺ ☺ ☺






## လူမြင်ဟာမှတ်လို့

"ပစ္စည်းရဲ့ အရည်အသွေးကို ခုထက် ဆယ်ဆ ပိုကောင်းအောင် လုပ်မယ်ဆိုရင်"







"ကုန်ကျစရိတ် ဆယ်ဆတက်ပြီး ရောင်းဈေးလည်း မြင့်ရလိမ့်မယ်။ အဲသလိုဆိုရင် ဝယ်ကြပါဦးမလား။

"သိပ်လှအောင် လုပ်မယ်ဗျာ။ ပြောင်ဘွေမဟုတ်ဘဲ ဒီဇိုင်းတွေထည့်မယ်"

(အဲသလိုဆွေးနွေးနေတဲ့ဆီမှာ စားပွဲထိပ်မှာ ထိုင်နေသူက)

"စဉ်းစားကြည့်ပါဦးဗျာ။ ကျုပ်တို့ ထုတ်လုပ်မှာက အတွင်းခံဘောင်းဘီ ဆိုတာလည်း မမေ့ပါနဲ့ဦး"

☺ ☺ ☺



www.burmeseclassic.com

## မင်းအသိချင်ပါနဲ့

"ဒီလ ဘယ်လောက်မြတ်သလဲ"

"မေးမနေပါနဲ့ကွာ မလိုအပ်လို့ မပြောတာပေါ့"

"ပြောပါ"

"စားရ သောက်ရ ပျော်ရ ပါးရတာပဲ မြတ်ပါတယ်"



☺ ☺ ☺

## တွေ့မှ

ရုံးတက်ချိန်မှာ သူငယ်ချင်းနှစ်ယောက်ဆုံမိတော့ ...

"ကော်ဖီသောက်မလား"

"တော်ပါပြီကွာ။ ဒီနေ့မနက် ကော်ဖီ ငါးခွက်သောက်ပြီးပြီဖြစ်နေလို့"



"မင်းက အတော်ကြိုက်တာပဲ။ နေ့တိုင်း ဒီလိုသောက်သလား"

"ကြော်ငြာတဲ့ကားနဲ့ နေ့တိုင်းမတွေ့ပါဘူးကွာ"

☺ ☺ ☺





## စီးပွားရေးအမြင်

သူဌေးက သူ့သားကို

"မင်းရဲ့ ချစ်သူအတွက် လက်ထပ်လက်စွပ်ကိုတော့ စိန်ကောင်းကောင်းနဲ့ ဝယ်ပေးလိုက်။ ဆွဲကြိုးလည်း စိန်ဆွဲသီးနဲ့ လုပ်ပေးလိုက်၊ အဝတ်အစားဖိုးတွေ၊ ညှိခံစရိတ်တွေ တတော့ အတတ်နိုင်ဆုံးချွေတာကွာ"



"ဟာဗျာ အဖေကလည်း"

"မင်း ဘာနားလည်လို့လဲ။ ဆွဲကြိုးနဲ့လက်စွပ်ဆိုတာ မင်းရဲ့ အရင်းအနှီးကွ"

☺ ☺ ☺

## လှလောက်လေ

"ဝယ်နေကျ ဖောက်သည်တွေပဲဗျာ။ လျှော့ပါဦး"

"ကျွန်တော့်ဖောက်သည်တွေရဲ့ မျက်နှာကို မှတ်မိပါတယ်"

"ကျွန်တော် ခွဲစိတ်ပြုပြင်ထားလို့ပါဗျာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မလိုင်ဘူးလေ

"လက်မှတ်က ဘယ်လိုရောင်းတာလဲ"

"ရှေ့ဆုံးထိုင်ခုံက ၂၀၀၊ အလယ်တန်းထိုင်ခုံက ၄၀၀၊ နောက်ဆုံးတန်းခုံက ၆၀၀၊ အပေါ်ထပ်ထိုင်ခုံက ၇၀၀။

"မတ်တပ်ရပ်ကြည့်ရင်ကော"

☺ ☺ ☺



## နှစ်ကိုယ့်တစ်စိတ်

ပွဲစား — ပွဲစားဆိုတာ အရောင်းအဝယ်လောကမှာမရှိမဖြစ်လိုအပ်တယ်ဗျ။

ကုန်သည် — ကုန်သည်မရှိဘဲ ပွဲစားလုပ်လို့မရပါဘူးကွာ။

ပွဲစား — ဝယ်ရောင်းလုပ်မယ်လေ။

☺ ☺ ☺





## အဓိကလွဲသွားပြီပဲ

တစ်ခါက ပွဲစားတစ်ယောက်နဲ့ ကုန်သည်တစ်ယောက် ထိုးမလို ကြိတ်မလိုဖြစ်လို့ ဝိုင်းဆွဲပြီး ဖြန်ဖြေပေးလိုက်ရတယ်။ ပြီးတော့

"ဘယ်လိုဖြစ်တာလဲဗျာ။ မနက်လင်းတာနဲ့ မြင်နေ၊တွေ့နေ ဆက်ဆံနေကြရတဲ့သူအချင်းချင်း"

ကုန်သည် — စော်ကားလွန်းလို့ပါကွာ။

ဖြန်ဖြေသူ — ဘယ်လိုစော်ကားလို့လဲ။

ကုန်သည် — သင် တန်ဖိုးအထားဆုံး အရာ ကျွန်တော့် အတွက် အဓိကပါ ဆိုပြီး လာပြောတယ်ကွာ။

ဖြန်ဖြေသူ — ဒါ သူ့အကျင့်ပဲဗျာ။ ခင်ဗျားလိုချင်တာ သူရှာပေးမှာပေါ့။ ပဲလား၊ နှမ်းလား၊ မြေပဲဆံလား။





www.burmeseclassic.com

www.burmeseclassic.com



ကုန်သည် မင်းတို့ မသိပါဘူးကွာ။
ဖြန့်ဖြေသူ ဘာမသိတာလဲ။
ကုန်သည် ငါက မနေ့က ငါလက်ထပ်လိုက်တဲ့ ငါ့ဇနီးကို တန့်ဖိုးထားတဲ့ အကြောင်း ပြောနေတုန်း ဒီကောင်က ...

☺ ☺ ☺



## ကံစမ်းမဲ

"အရောင်းတက်အောင် ဘယ်လိုလုပ်မလဲ"

"ကံစမ်းမဲထည့်ပါဆရာ"

"ဘယ်လောက်လောက် အကုန်ခံရမလဲ"

"ကံစမ်းမဲထည့်နေတဲ့ အကြောင်း ကြော်ငြာတဲ့စရိတ်လောက်ပဲ ကုန်မှာပါဆရာ။ ပစ္စည်းထဲမှာတော့ ဟိုးအရင်တစ်ခါရိုက်ထားတဲ့ နောက်တစ်ခါ ကံကောင်းပါစေဆိုတဲ့ စက္ကူလေးတွေထည့်လိုက်ရုံပါပဲ။"

☺ ☺ ☺





## နေရာ

တစ်ခါက ကုမ္ပဏီဝန်ထမ်းခေါ်တဲ့ဆီမှာ မိန်းမရဲ့အမျိုးတွေကလည်း လာပြီးအလုပ်လျှောက်သတဲ့၊ သူဌေးက မိန်းမရဲ့အမျိုးတွေကို မခန့်ဘဲ လုပ်ငန်းအတွက် လိုအပ်တဲ့ အရည်အချင်းရှိသူတွေကိုပဲ ခန့်လိုက်လို့

ဇနီး တော်က ဘယ်လိုသဘောလဲ။

သူဌေး ဘာလဲ။

ဇနီး မသိချင်ယောင်ဆောင် မနေပါနဲ့။ ကျုပ်အမျိုးတွေကို ဘာလို့ မခန့်တာလဲ။

သူဌေး ဂုဏ်ငယ်မှာ စိုးလို့ပါကွာ။ ငါ အုပ်ချုပ်ဖို့ လူလိုတဲ့အခါ ကျတော့ ခေါ်မှာပေါ့။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## သတိသာတယ်မှတ်ပါ

တစ်ခါက ဝယ်သူ၊ ရောင်းသူနဲ့ အတူပါလာတဲ့ ပွဲစားနှစ်ယောက် ပွဲခ အငေမတည့်ဖြစ်ပြီး ရန်ဖြစ်တော့ ရုံးရောက်ရော။ အရိုက်ခံရတဲ့ ပွဲစားဘက်က ရှေ့နေက ရိုက်တဲ့သူကို

"မောင်မင်းဟာ လုပ်ငန်းတူဖြစ်တဲ့အတွက် ဟိုအရင်ကတည်းက မကျေနပ်တာတွေ ရှိခဲ့တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

"အဲဒါကြောင့် ကုလားထိုင်နဲ့ ရိုက်တာမဟုတ်လား"

"စားပွဲခုံက လေးလို့ မနိုင်လို့ပါ"



☺ ☺ ☺





## မမြည်တာလည်းရှိပါတယ်

"မင်းဆီက ဝယ်သွားတဲ့ကားက တော်တော်စိတ်ညစ်ဖို့ကောင်းတာပဲကွာ။ တစ်ကားလုံး မြည်နေတာ။ သော့ပိတ်ပြီး တွန်းတာကိုပဲ အသံမျိုးစုံထွက်နေတာ"

"မင်းက ဟွန်းမှ နှိပ်မကြည့်သေးပဲ"



☺ ☺ ☺

## တစ်ဝက်ပြတ်ပြီ

ပွဲစား — လုပ်ပါဦး သူဌေးရာ စီးကရက်တစ်လိပ်လောက် တိုက်ပါဦး။

ကုန်သည် — ခင်ဗျား စီးကရက်ဖြတ်သင့်ပြီ။

ပွဲစား — ဝယ်တာကိုတော့ ၁ ဖြတ်နေပါပြီဗျာ။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ပြောတိုင်းယုံ

"ခင်ဗျားတို့ လုပ်ငန်းရှင်တွေက လောဘသိပ်ကြီးတာပဲဗျာ။ ငွေရဖို့အတွက်ဆို လိမ်ဖို့ ညာဖို့ ဝန်မလေးတော့ဘူး။ ဘယ်မှာလဲ ကံစမ်းမဲ သိန်းတစ်ရာဖိုးပေးမယ်ဆိုပြီး ...

"ခင်ဗျားတို့ စားသုံးသူတွေကလည်း လောဘကြီးသကိုး"

☺ ☺ ☺



## မန်နေဂျာရဲ့ အာရုဏ်အချင်း

ဧည့်သည် မင်းတို့စားသောက်ခန်းမှာ မိုးယိုနေတာ မင်းတို့ မသိဘူးလား။

မန်နေဂျာ သိပါတယ် ခင်ဗျ။ သည်းခံပြီး အဲဒီမှာပဲ ထိုင်စေချင်ပါတယ်။ အိပ်ခန်းတွေမှာက မိုးယိုတာ နဲထက် များလို့ပါ။

☺ ☺ ☺





## မတူဘူးလေ

"တော်က တော့်စက္ကူရိုထေရိုနဲ့ တော့တည့်ပြီး အိမ်ကမိန်းမနဲ့ကျ ဘာလို့ မတည့်ရတာလဲ"

"စက္ကူရိုထေရိုက ဘယ်တော့မှ ငါ့အိပ်ထောင်ကိုမနှိုက်ဘူး။ငါခိုင်းတာ လုပ်တယ်။ ငါ့စကားနားထောင်တယ်"

☺ ☺ ☺



## ယောကျ်ားတို့အကြောင်း၊ မိန်းမတို့အကြောင်း

"ကျွန်မယောကျ်ားက သူခန့်ထားတဲ့ စက္ကူရိုထေရိုအကြောင်းချည်း ပြောနေလို့ စိတ်ညစ်နေရတယ်ရှင်"

"ဟုတ်လား ကျွန်မယောကျ်ားကတော့ သူ နောက်ခန့်မယ့်စက္ကူရိုထေရိုအကြောင်းပြောနေလို့ ရင်တထိတ်ထိတ်ပါပဲရှင်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဘာမှမရောက်ခဲ့တော့

"မင်းလိုအပ်နေတဲ့ ငွေရပြီလား"

"ငွေဆိုတာ ဘယ်လောက်ရရ လိုနေတာပါပဲဗျာ။"

"အင်း ဒီလိုဆိုရင်တော့ ငါပေးလည်း အပိုပါပဲ"

☺ ☺ ☺



## ဘတော်သုံ့တာပဲ

ညွှံ့သည် မင်းတို့ဆီက အစားအသောက် အချက် အပြုတ် ကောင်းရဲ့လား။

စားပွဲထိုး လူကြီးမင်း အိမ်မှာ စိတ်တိုင်းကျ ချက်ပြုတ် စားသောက်ရသလို စီစားမှုပေးပါလိမ့်မယ်။

ညွှံ့သည် (ထ ရပ်ရင်း) ဒါဖြင့်ရင်တော့ တော်ပါပြီကွာ။

☺ ☺ ☺







## အမိန့်ပေးတာလို့

"ကျွန်မတို့နှစ်ယောက် ပညာအရည်အချင်းချင်းတူလျက်နဲ့ ကျွန်မကို အရောင်းစာရေးမခန့်ပြီး သူ့ကို ဘာလို့ကြီးကြပ်ရေးမှူးခန့်ရတာလဲ"

"သူ့မှာ အိမ်ထောင်ရှိတယ်လေ"

☺ ☺ ☺



## ဝယ်သာဝယ်ပါ

"ဘာလို့ လျှော့ရောင်းတာလဲ"

"ဒီနိုင်းတွေက ရိုးသွားလို့ပါ။ အရည်အသွေးကောင်းပါတယ်။"

"ဒါဆို ကျွန်တော်တို့ဝယ်သုံးတော့ ခေတ်မမှီဘဲဖြစ်မှာပေါ့။"

"မဖြစ်ပါဘူးရှင် ဒီနိုင်းဆိုတာ ရိုးတာတွေက ပြန်ဆန်းပြီး ခေတ်က တစ်ပတ်လည်လာဦးမှာပဲ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဆံ့သလောက်မလိုပါဘူး

ညှု့သည် အသားညှပ်ပေါင်မုန့် ယူခဲ့ပါကွာ။

စားပွဲထိုး ကြည်နူးကျေနပ်မှုကို ပါ ယူခဲ့ပါမယ်ခင်ဗျာ။

ညှု့သည် ရေပ်စပ်ချဉ်လောက်ပဲ ယူခဲ့ပါကွာ။

☺ ☺ ☺



## သန့်ကြောင်းသက်သေ

ညှု့သည် မင်း ပန်းကန်ဆေး ထားတာ မပြောင်ပါ လား။

စားပွဲထိုး ပြောင်ပါတယ်ခင်ဗျ။

ညှု့သည် နမ်းကြည့်ပါဦး။

စားပွဲထိုး ဟင်းနံ့မဟုတ်ပါဘူး ဆရာ။ ဆပ်ပြာနံ့ပါ။

☺ ☺ ☺





## ငါ့မိန်းမပါ

စားဖိုမှူး ငါ့ကိုခေါ်တာ ဘယ်သူလဲ။

စားပွဲထိုး အမျိုးသမီးကြီး တစ်ယောက်ပါ။ ဒီ ဟင်းချက်တိုင်း ဒီလို ချည်းပဲ၊ အချိုးကို မပြင်ဘူး။ သွားခေါ်စမ်းဆိုလို့။



စားဖိုမှူး တော်တော်ခြေရှည်တာပဲ။

စားပွဲထိုး လျှာရှည်တယ်လို့ ပြောပါ။

စားဖိုမှူး ခြေရှည်လို့ ဒီထိလိုက်လာတာပေါ့ကွာ။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးတိုက်တွက်

လုပ်ငန်းရှင်တစ်ဦး သူ့မှာ ကင်ဆာရောဂါဖြစ်နေပြီဆိုတာ သိတော့ သူ့ဇနီးချောကိုခေါ်ပြီး

"ငါတော့ သိပ်မနေရတော့ဘူး။ အသက်ကလည်း ကြီးပြီ။ ဖြစ်တဲ့ရောဂါကလည်း ကင်ဆာဆိုတော့ ...

"ပြောဝါအစ်ကိုကြီး"

"မင်းက ငယ်လည်းငယ်သေးတယ်။ချောလည်းချောတယ်။ ဒီတော့ သူဌေးလည်း မောင်ချမ်းသာကို အိမ်ထောင်ပြုဖို့ စဉ်းစားဆုံးဖြတ်စေချင်တယ်။"

"ကိုချမ်းသာနဲ့ အစ်ကိုကြီးနဲ့က ပြိုင်ဘက်တွေ မဟုတ်လား။"

" တစ်ခါမှ မနိုင်ဖူးလို့ပါကွာ၊ သူ့ကို အနိုင်လိုချင်လို့"

☺ ☺ ☺







## အနံ့ရနိုင်သေးတယ်

(ဟိုတယ်ကြီးတစ်ခုရဲ့ စားသောက်ခန်းမထဲမှာ ...)

ညီသည် လတ်ဆတ်တဲ့ သစ်သီးဖျော်ရည် ရနိုင်မလား။

စားပွဲထိုး ဟုတ်ကဲ့ ရပါတယ်။

(အဲဒီအချိန်မှာ တခြားစားပွဲပိုဖို့ယူလာတဲ့ ကော်ဖီရဲ့အနံ့ကိုရလိုက်ပြီး)

ညီသည် ဒါဆို ကော်ဖီပေးကွာ။

(စားပွဲထိုးက မသွားသေးဘဲ ရပ်စောင့်နေတော့)

ညီသည် ကော်ဖီလေကွာ။

စားပွဲထိုး ဆရာ့ ဘေးစားပွဲမှာ ထမင်းကြော် လာပို့လိမ့်ဦးမယ်ဆရာ။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ဟိုတစ်ပတ်ကဖြစ်လိမ့်မယ်

ညွှန့်သည် — လာပါဦးကွ။ မင်းတို့ဆီက အသီးအရွက်တွေကတော့လတ်ဆတ်ပါရဲ့။ ပေါင်မုန့်က မနေ့က အကျန်တွေမဟုတ်လား။

စားပွဲထိုး — မဟုတ်ပါဘူးခင်ဗျာ။

ညွှန့်သည် — ဘာလို့မဟုတ်ရမှာလဲ။ မှိုတောင်ကပ်ချင်နေပြီ။

စားပွဲထိုး — ကျွန်တော်တို့ ဟိုတယ်က တစ်ပတ်စာ ဝယ်တာပါ။ မနေ့က ပေါင်မုန့်တော့ မဖြစ်နိုင်ဘူး ခင်ဗျ။



☺ ☺ ☺





## ပိုင်လိုက်ပုံ

"ဆရာ အထူးလျှော့ဈေးဆိုပြီး ဟိုဘက်ဆိုင်ထက် နှစ်ရာများနေတယ်ဆရာ။ဝယ်သူတွေက ဟိုဘက်ချည်း ရောက်ကုန်ပြီ။"

"မသိမသာနေစမ်းပါကွာ။ အဲဒါလည်း ငါ့ဆိုင်ပဲ"

☺ ☺ ☺



## ရေးမိတော့မှား

အထူးလျှော့ဈေးဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ပန်းချီဆရာဆီအပ်ထားပြီး လာရွေးတဲ့နေ့မှာတော့

"ကဲ ပန်းချီဆရာ၊ ပြောပါဦး၊ ဘယ်လောက်လျှော့မှာလဲ"

"ဟာ ဈေးပြတ်ပြီးသားပဲ"

"အထူးလျှော့ဈေးလို့ ခင်ဗျားပဲရေးပြီးတော့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဒါလည်းကောင်းတာပဲ

အထူးလျှော့ဈေးဆိုပြီး ဆိုင်းဘုတ်ချိတ်ရောင်းနေတဲ့ ဆိုင်ထဲမှာ အင်္ကျီတစ်ထည်က တခြားအမျိုးတူ အင်္ကျီတွေထက် နှစ်ရာဈေးပိုကပ်ပြီး သီးသန့်ချိတ်ထားတယ်။ ဝယ်တဲ့လူက အကုန်လျှောက်ကြည့်ပြီး အဲဒီ ခွဲချိတ်ထားတဲ့အင်္ကျီကိုပဲယူတယ်။

"ဒါယူမယ်"

"ရပါတယ်"

"တစ်ခုတော့ မေးပါရစေ၊ သူက ဘာလို့ ၂၀၀ ပိုများနေတာလဲ"

"လက်ကျန်ထဲမှာ အကောင်းဆုံး မို့ပါ"

အဲဒီလူဝယ်ပြီးထွက်သွားတော့ ဆိုင်ရှင်က ...

"ဟော့ အင်္ကျီတစ်ထည်ယူပြီး ဒီမှာ ချိတ်လိုက်ဦးဟော့"

☺ ☺ ☺







## ဘဖိုးကြီးမှာ

"ဟဲ့သမီး အလုပ်က ခွင့်တစ်လ ယူလိုက်တယ်ဆို"

"ယူလိုက်တယ် အမေ"

"ဘာလို့လဲ"

"အထူးလျှော့ဈေးဆိုတဲ့ ဆိုင်းဘုတ်ကြီးက သမီးခေါင်းပေါ်တည့်တည့်မှာ ဖြစ်နေလို့"

☺ ☺ ☺



## ပြန်လုံး

ကုန်တိုက်ကြီးတစ်ခုက အရောင်းစာရေးမလေးတွေဖြတ်လာတော့ ကောင်လေးတစ်သိုက်က သူမ်း စတယ်။

"အထူးလျှော့ဈေးတွေလာပြီ"

ဒီတော့ ကောင်မလေး တစ်ယောက်က ...

"ဒါတောင် နင်တို့ မဝယ်နိုင်ဘူး ဟုတ်လား"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ကျော်ပါပေတယ်

"အခြေအနေဘယ်လိုရှိသလဲ"

မန်နေဂျာက အရောင်းတာဝန်ခံကိုခေါ်မေးလိုက်တယ်။

"ကြည့်သူပဲ များနေတယ်ဆရာ"

"ဒါဖြင့် အရောင်းစာရေးမကို သွားပြော နေ့လည်ပိုင်းမှာ အဲဒီကောင်တာကို အရောင်းပိတ်မယ်။ လျှော့ဈေးလို့မရဘူးလို့ ဖုန်းဝင်လာတယ်ဆိုပြီးပြောလိုက်"



အရောင်းတာဝန်ခံက စာရေးမကို သွားပြောပြီး တစ်နာရီလောက်အကြာမှာတော့ အရောင်းတာဝန်ခံက

"ပစ္စည်းပြတ်သွားပြီဆရာ"

မန်နေဂျာက အရောင်းတာဝန်ခံကို ဂိုဒေါင်သော့ လှမ်းပေးလိုက်လိုက်တယ်။

☺ ☺ ☺





## ဒါပဲကိုယ့်လူ

"နည်းနည်းလောက်ထပ်လျှော့ပါဦးလား"

"လျှော့ထားပြီးသားပါ"

"ထပ်လျှော့ဖို့ပြောတာပါ"

"ထပ်လျှော့ရင် ဘယ်မြတ်တော့မှာလဲဗျ"

☺ ☺ ☺



## ဘဲဒါတော့မပိတ်နဲ့

"ကျုပ်တို့ အရောင်းဌာနအတွက် လာမယ့်နှစ်ဝတ်ဖို့ ဝတ်စုံစဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့"

"တိုနံ့နံ့လေးတွေ မဖြစ်စေနဲ့နော်"

"ခွဲထားတာရော ပိတ်ရဦးမလားဆရာ"

"လမ်းလျှောက်ရတာ ခက်လိမ့်မယ်ဗျ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## နေမြဲ

"လာမယ့်နှစ်အတွက် ကုမ္ပဏီမှာ ဆောင်ရွက်ဖို့ လုပ်ငန်းစီမံချက်တွေ ချပြီးပြီလား"

"သူဌေးက သူ့မန်နေဂျာကို မေးလိုက်တာပါ။ မန်နေဂျာက

"အားလုံးတက်ကြွနေအောင် လုပ်ငန်းခွင်ဝတ်စုံတွေလဲမယ်။ တာဝန်နေရာတွေပြောင်းမယ်။ တာဝန်ပြောင်းလဲလိုက်တဲ့အတွက် လုပ်နေကျအလုပ်မဟုတ်တော့ အာရုံစူးစိုက်မှုပိုရှိလာမယ်။"

"ကောင်းတယ်။ တစ်ယောက်တော့ နေရာမပြောင်းနဲ့ကွာ"

"ဘယ်သူပါလဲခင်ဗျာ"

"ငါ့စက္ကူရီထေရီ"

☺ ☺ ☺







## ရတဲ့အမြတ်

ကျုပ်ရှိတဲ့ အတွင်းပစ္စည်းတွေလည်းကုန်ပြီ။ တော် တစ်နှစ်အလုပ်လုပ်လိုက်တာ ဘာမြတ်သလဲ၊ ပြောစမ်းပါဦး"

"တန်ဖိုးမဖြတ်နိုင်တဲ့ နောင်တတွေပေါ့ကွာ"

☺ ☺ ☺



## လာမယ့်နှစ်မှာတော့

"ကျွန်တော်တို့ ကုမ္ပဏီဟာ အခြားကုမ္ပဏီတွေနဲ့မတူပါဘူး"

"တူတာပဲကောင်းမယ် ထင်ပါတယ်"

"ဘာလို့လဲ"

"ကျွန်တော်တို့ တစ်ဦးတည်းပဲ အရှုံးများနေလို့ပါ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဝယ်သူ့ဘာမှမြဲမှန်တယ်

" ဒီဆောင်းရာသီမှာ တုတ်ကောက်နဲ့လမ်းလျှောက်ဖိနပ်တွေ အရောင်းမြှင့်တင်ဖို့ စီစဉ်ပြီးပြီလား"

"ပြီးပါပြီဆရာ။ သုံးရက်ရှိသွားပြီ အရောင်းတက်လာပါတယ်"

"ဘယ်လိုစီစဉ်လိုက်သလဲ"

"နောက်ခန့်ထားတဲ့ ဟိုခပ်ချောချော ကောင်မလေးနှစ်ယောက်ကို ဒီဘက်ပြောင်းပြီး အရောင်းခိုင်းလိုက်တယ်"



☺ ☺ ☺

## ရောင်းပြီးပြီ

"လာမယ့်နှစ်မှာတော့ လုပ်ငန်းမှာ စိတ်သစ်လူသစ်ဖြစ်တော့မှာပါ။ ငွေကြေး အခက်အခဲတွေလည်း ရှိတော့မှာမဟုတ်တော့ပါဘူး"

"တကယ်လားဆရာ"

"တကယ်ပြောတာပါ၊ ဟောဒါက ခင်ဗျားတို့ရဲ့ သူဌေးအသစ်ပဲ"

☺ ☺ ☺





## ဟုတ်ကဲ့ ...ပဲ

"မင်းတို့ဆိုင်မှာ အမျိုးသမီးဝန်ထမ်းအများဆုံးခန့်ထားတာ ဘာလို့လဲ"



"သူဌေးက ယောကျ်ားလေကွာ၊ မင်းတို့ဆိုင်ကရောဘာလို့မိန်းကလေးတွေအများဆုံးခန့်တာလဲ"

"သူဌေးက အမျိုးသမီးလေကွာ"

"ဘာဆိုင်လို့လဲ"

"ကောင်လေးတွေ လာစေချင်တယ်လေ"

"ဒါဖြင့်လည်း အမျိုးသားဝန်ထမ်းတွေခန့်ပေါ့ကွာ"

"အရေအတွက်အများကြီးခန့်ဖို့ကျ ခက်တယ်လေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အောအောတလေပြောပါလား

မိတ်ဆွေတစ်ယောက်ဆီကို သူ့အဒေါ်ရောက်လာပြီး ငွေချေးတယ်။ ဒီတော့ တူတော်မောင်က

"အဒေါ်တို့က ကျွန်တော်တို့ စီးပွားရေးလေး ပြေလည်တယ်ကြားမှ ရောက်လာတော့တာပဲ။ မပြေလည်ခင်က လာပါလား။အဲဒီတုန်းကတော့ လာဖို့ သတိမရဘူးလား"

"အဲဒီတုန်းက ရှာကြံပြီး ပေးမယ် မှန်းမှ မသိဘဲကွယ်"

☺ ☺ ☺



## ဝဲဓာတ်

"ငါ့တူကြီး ပြေလည်နေတယ်ကြားလို့ ဝမ်းသာလိုက်တာ"

"ကျွန်တော်ကတော့ အဒေါ်ခုလို ကြားသွားလို့ ငိုချင်စိတ်ကို ပေါက်နေပြီခင်ဗျ"

☺ ☺ ☺





## မွေးတယ်ဆိုလို့

ယောက်ျားဖြစ်သူက သူ့မိန်းမကို ဆူနေတယ်။

"နောက် ဘာကိုပဲ လာငှားငှား မပေးနိုင်ဘူးလို့ပြော။ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမဟုတ်။ အမြဲတမ်းကြီးကွာ"

ဒီတော့ ယောက္ခမက

"နေပါဦး ငှားလိုက်တဲ့ပစ္စည်းက ပြန်မရလို့လား"

"ရတော့ ရတာပေါ့ဗျ"

"ရရင်ပြီးရောပေါ့ကွယ်။ လူမှုပေါင်းသင်းဆက်ဆံရေးက ရှိသေးတယ်။ ငါ့သမီးကို ဒါလောက်ဆူဖို့ မလိုပါဘူး။"

"ဘာ ငှားလိုက်တယ်ဆိုတာလည်း မေးပါဦး"

အမေဖြစ်သူက သူ့သမီးဘက် လှည့်ပြီး

"ညီးက ဘာငှားလိုက်တာလဲ"

"ဆပ်ပြာ"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ရှုမယ်ဘာပြော

အလှူမင်္ဂလာ ခည့်ခံအသုံး အဆောင်ပစ္စည်းငှားတဲ့ဆိုကို မှုနေတဲ့ လူတစ်ယောက်ရောက်လာပြီး

"ဘာတွေငှားလို့ရသလဲ"

"ဘာဖြစ်ဖြစ်ရပါတယ်"

"သွားတိုက်ဆေး ငှားလို့ရမ လား"

"ခင်ဗျားက "သွား" တွေလှူမလို့ လား"

☺ ☺ ☺



## ဘိုနေလို့

"ငွေချေးတာမရခဲ့ဘူးလား"

"မရခဲ့ပါဘူးကွာ"

"တိုက်ကို ရိုက်ထားတဲ့ ဓါတ်ပုံ တွေ မပြဘူးလား"

"ဓါတ်ပုံတွေက ဆေးမသုတ်ခင် က ရိုက်ထားတဲ့ ဓါတ်ပုံတွေဖြစ်နေ လို့ကွ"

☺ ☺ ☺





## ရည်ရွယ်ချက်

"ငွေချေးချင်လို့"

"ဘယ်လိုလဲ၊ အရင်းပြုတ်သွား ပြန်ပြီလား"

"အေးဗျာ၊ အရင်းပြုတ်သွားပြန် ပြီ"

"ခင်ဗျား ခဏခဏ အရင်းပြုတ် နေတာပဲ။ ဒီအလုပ်က အကျိုးမပေး မှတော့ တခြားအလုပ်ကလေးပြောင်း လုပ်သင့်တယ်ဗျ။ ဘာလို့ဒီအလုပ်ကို ပဲ လုပ်နေရတာလဲ"

"ငွေချေးလို့ရအောင်လို့ပါ"



☺ ☺ ☺

## လေရှိရင် ငွေရှိတယ်

"မိဘပေးထားတဲ့ ဟိုတယ်ကြီး လေ။ အမွေရလိုက်တာ"

"ကျွန်တော့်မိဘ ပေးထားတဲ့ အမွေကတော့ နေရာအနှံ့ပါပဲဗျာ"

"ခင်ဗျားမိဘက ဘာလုပ်သလဲ"

"ပွဲစားလေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## နောက်မှမေးနဲ့

ဦးသာအေးက သူ့ဆီစက်ဘီးငှားရင် ဘယ်သွားမှာလဲ ဆိုမေးတယ်။ ဈေးဆိုတာနဲ့ "ရှေ့ငါတူ လိုင်းကားစီးသွား၊ မင်းလည်း ခြေမညောင်းတော့ဘူး။ ငါ့ဘီးလည်း တာယာမပွန်းတော့ဘူးဆိုပြီး ကားခထုတ်ပေးလေ့ရှိတယ်။ တစ်ရက်မှာတော့ မိုးပိန်က စက်ဘီးလာငှားတာနဲ့ ထုံးစံအတိုင်း ကားခထုတ်ပေးလိုက်တယ်။ ခဏကြာတော့ မိုးပိန်ရောက်လာပြန်ပြီး

"စက်ဘီးခဏလောက်"

"ဘယ်သွားမှာလဲ"

"ဈေးပါ"

"အစောက တစ်ခါသွားပြီးပြီမဟုတ်လား"

"ဝယ်စရာ တစ်မယ်မေ့ကျန်နေလို့ပါ"

☺ ☺ ☺







## ထိုင်နေတာပဲကောင်းပါတယ်

"မင်းက ဘာလို့ အလုပ်မလုပ်ရတာလဲ။ မိန်းမလုပ်စာ ထိုင်စားနေတာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော်အလုပ်မလုပ်လို့ ခုလိုကျွန်ရရ နေနိုင်တာပေါ့ခင်ဗျာ။ မိဘဆီနေတုန်းက အလုပ်လုပ်လိုက်တာ သူတို့ရှိသမျှ စည်းစိမ်ကုန်သွားပါရောလား။"

☺ ☺ ☺



## ငါးထောင်မို့ပါ

"ငါ့တူ မင်းဆင်းရဲတုန်းက ကားခ တစ်ကျပ်တောင်မရှိလို့ ငါ့ဆီလာချေးတာ မှတ်မိရဲ့လား"

"မှတ်မိပါတယ်ဦးလေး"

"ဒါနဲ့များ ငါ့ငွေချေးတာကို ဘာလို့မပေးနိုင်ရတာလဲကွာ"

"ဦးလေးချေးတာက တစ်ကျပ်မဟုတ်ဘူးလေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ခုတော့ တောင်းကြသေးရဲ့လား

"အဖေ"

"ဟေ"

"ကျွန်တော်တော့ အရင်းပြုတ်သွားပြန်ပြီ"

အဲဒီအချိန်မှာ အမေဖြစ်သူက

"ဒါကြောင့် တော့်ကို ကျုပ်အခါခါ သတိပေးခဲ့တာ။ ကလေးကို အဖေ့ခြေရာ နင်းမယ့်သား၊ အဖေ့ခြေရာမင်းမယ့်သားလို့ မပြောပါနဲ့ ဆိုတာ"

☺ ☺ ☺



## လိုချင်တော့ ဘာရည်ဘာချင်း

"စာရေးမနှစ်ယောက် ခန့်ချင်တာ။ ခုထိမရသေးဘူးဗျာ။"

"ဟိုနေ့က အင်တာဗျူးမှာ ဆယ်ယောက်ကျော်လာဖြေတယ်ဆို"

"လှတာမပါဘူးဗျာ"

☺ ☺ ☺





## ဘာစရှိသေးတယ်

အိမ်ထောင်ကျသွားတဲ့ သား က စီးပွားရေးအဆင်မပြေလို့ သူ့မိဘအိမ်ကို လာပြီးညည်းသတဲ့။

"ဘာလုပ်လုပ် အဆင်မပြေပါဘူးအဖေရာ။ ကျွန်တော့်ယောက္ခမကြီးက ပေးတော့ပေးပါရဲ့။ ဒါပေမယ့် ကျွန်တော့်ကို သုံးမရအောင်ကို ပြောဆိုတာ"

"ငုံ့ခံလိုက်ပါသားရယ်။ အဖေလည်း နှစ်နှစ်ဆယ်လောက်ခံခဲ့ရတာပဲ"

☺ ☺ ☺



## ဝေးပို့ရာဆိုရင်

"ဘယ်လိုတုန်းဗျ၊ ခင်ဗျားက ခင်ဗျားမိန်းမကို ကုမ္ပဏီမှာ ဒါရိုက်တာနေရာပေးလိုက်တယ်ဆို"

"အင်း"

"ဘယ်လိုစိတ်ကူးလဲဗျ"

"စက္ကူရိုထေရိလုပ်မယ်ချည်း ပြောနေလို့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## တစ်သက်လုံးပဲ

"စီးပွားရေး လုပ်တယ်ဆိုတာ ရှုံးတဲ့အခါရှိသလို မြတ်တဲ့အခါလည်း ရှိမှာပေါ့ကွာ။ စိတ်ညစ်မနေပါနဲ့"

"ကျွန်တော့်မှာ ရှုံးတဲ့အခါချည်းပဲ မြတ်တဲ့အခါမရှိသေးလို့ စိတ်ညစ်နေတာအဖေရ။"

"ဟကောင်ရ၊ မင်းကိုဖြေသာအောင် ပြောပေးနေရတာကွ၊ ရှုံးတိုင်း စိတ်ညစ်နေရရင် ငါ့ဘဝမှာ ပျော်ချိန်ကို ရှိမှာမဟုတ်ဘူး"

☺ ☺ ☺



## မှားပါတယ်

"မောင်"

"ပြောဗျာ"

"မောင့် ကုမ္ပဏီမှာ မေမေက ရှယ်ယာဝင်ချင်လို့တဲ့"

"ကောင်းတာပေါ့"

"ငွေတော့ မောင်ကပဲ ခဏစိုက်ထားလိုက်ပါတဲ့"

☺ ☺ ☺





## ကိုယ်ဖောင်နေတာမဟုတ်နိုင်

"ဘယ်လိုလဲဟေ့၊ ဒီတစ်ပတ်"

"တော်တော်ထိသွားတယ်ကွာ"

"အကုသိုလ်တွေ လုပ်နေလို့ကတော့ လာဘ်တိတ်မှာပဲကွာ"

"လာဘ်တိတ်မှာစိုးလို့ အကုသိုလ်အလုပ်တွေ နားထားတာကြာပါပြီကွာ။ သူငယ်ချင်းတွေလာခေါ်တာတိုမလိုက်တာ။ ရစရာရှိတာတွေရပြီး ပွဲကြမ်းတော့မယ်ဆိုပြီးတော့"

☺ ☺ ☺



## ဘာကြွေးမှိတယ်လေ

"စိတ်ညစ်တယ်ကွာ၊ ငွေမဝင်တာ နှစ်လရှိပြီ"

"ငွေမဝင်တာက စိတ်ညစ်စရာမဟုတ်ပါဘူးကွာ။ အကြွေးပေးတဲ့သူရှိပါတယ်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## နင်သိလည်းအတူတူပဲ

"ငါလည်း ဆင်းရဲရာကနေ ချမ်းသာတာပါကွာ"

"နည်းလေးသိပါရစေခင်ဗျာ"

"ဘယ်လိုချမ်းသာလာတယ်ဆိုတာသိလည်း မင်းမှာမျှော်လင့်ချက်မရှိပါဘူးကွာ။ တခြားလူဆီ နည်းတောင်းပါလား"

"ဦးလေးက မပြောချင်လို့လား"

"မင်းမှာ ချမ်းသာတဲ့ယောက္ခမမှ မရှိဘဲကွာ"



## ပေးစရာမရှိလို့

"ဟာ ဆရာကြီး ခုဘယ်မှာနေသလဲ"

"ဟိုတယ်မှာပဲ"

"ဒါနဲ့များ မရှိဘူး၊ မရှိဘူးနဲ့ပြောရသေးတယ်"

"မရှိလို့ပေါ့ကွ၊ရှိရင် အခန်းခရှင်းပြီး ဆင်းလာမှာပေါ့"





## ပန်းပန်လျှက်ပါ

စားသောက်ဆိုင် မန်နေဂျာကို စီးပွားရေးသတင်းထောက်က

"ဆရာရဲ့ဆိုင်က ဘယ်လိုအခြေအနေမျိုးမှာ ရောင်းရသလဲ"

"ဘယ်လိုအခြေအနေ ဖြစ်ဖြစ် ရောင်းရပါတယ်"

" ရှင်းအောင် ပြောပြပါလား ခင်ဗျာ"

"ဟိုဘက်ဝိုင်းက ပျော်လို့ဆိုပြီး လာပြီး စားသောက်နေကြတာ။ ဒီဘက်ဝိုင်းက စိတ်ညစ်လို့ဆိုပြီး လာစားသောက်နေကြတာ၊ အခန်းထဲက သီးသန့်ဝိုင်းကတော့ လုပ်ငန်းအောင်မြင်လိုတဲ့၊ ဟိုထောင့်ကတော့ ကုမ္ပဏီ ပိတ်လိုက်ရလို့ဆိုပြီး လာဝိုင်းကြတာ"





www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော့်ကိုယ်စားပြောပေးပါ

ရှယ်ယာ လုပ်ငန်းကြီးတစ်ခုက ရှယ်ယာဝင်တစ်ဦးဆီကို ဖုန်းလာတော့ ...



"ပြောပါ"

"ဒီလတော့ အရောက်ရှုံးလို့"

"ခွဲစရာအမြတ် ပုံ၀မရှိတော့ဘူးပေါ့"

"အမြတ်ခွဲဖို့မပြောနဲ့ အရင်းကို ထပ်ဖြည့်ကြရလိမ့်မယ်"

"အင်း ရာကြပြီးဖြည့်ရမှာပေါ့"

"ဘယ်လိုလဲ စိတ်ပျက်သွားပြီလား"

"မပျက်ပါဘူးကွ၊ ခုလိုဖုန်းဆက်တာ ကျေးဇူးပဲ။ ငါ့ဆီလာတဲ့ဖုန်းကို အလည်လာနေတဲ့ ငါ့ယောက္ခမကြီးကလည်း လိုင်းခွဲကနေ နားထောင်နေတာကွ"

☺ ☺ ☺





## တူတယ်လင်မြင်

"မင်း အိမ်လေးတစ်လုံးပိုင်ဆိုင်ချင်တယ်ဆို ခု ပိုင်ဆိုင်နေပြီမဟုတ်လား"



"အိမ်ရတော့လည်း လူကြီးမင်းတို့လို တိုက်နဲ့နေချင်လို့ပါ"

"တိုက်ပဲဖြစ်ဖြစ်၊ အိမ်ပဲဖြစ်ဖြစ် အတူတူပါပဲကွာ။ အဓိက က မိုးရွာရင်လုံဖို့၊ လေတိုက်ရင်ပိတ်စရာတံခါးရှိဖို့၊ အတွင်းထဲမှာ အိပ်စရာ၊ ထိုင်စရာ၊ နားစရာ၊ စားစရာနေရာ ရှိဖို့ ဒါပဲ မဟုတ်လား"

"ရက်တစ်ပတ်လောက်ပဲ အိပ်ယာ ပြောင်းအိပ်ကြည့်ပါလား ခင်ဗျာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မဖြောင်းလဲပါဘူး

"လူကြီးမင်းဟာ သိပ်ချို့တဲ့ ဆင်းရဲတဲ့ဘဝကနေ ချမ်းသာလာတာလို့ သိရပါတယ်။ မချမ်းသာခင်က အလိုချင်ဆုံး အတမ်းတဆုံးဟာ ဘာလဲလို့ သိပါရစေ"

"ငွေပေါ့ဗျာ"

"ခု ငွေတွေရှိလာတဲ့ခါမှာရော"

သူဌေးကြီးက ခဏစဉ်းစားလိုက်ပြီး

"ကျုပ် အမှန်အတိုင်းပြောရမလား"

"ဟုတ်ကဲ့ သိချင်ပါတယ်ခင်ဗျာ"

"ငွေပေါ့ဗျာ"

☺ ☺ ☺



## ကျွန်တော်တတော့ ထားပါတယ်

"ကိုယ့်ပညာကိုယ် တန်ဖိုးထားရမယ်ကွ"

"သူများတွေက မထားလို့ ခက်နေတာပါဆရာ"

☺ ☺ ☺





## ဘာထူးလဲ

ဆင်းရဲတဲ့မိန်းကလေးကို ယူထားတဲ့ လူချမ်းသာတစ်ဦးနဲ့ ချမ်းသာတဲ့ မိန်းကလေးကို ယူထားပြီးဟန်ကျနေတဲ့ ဆင်းရဲသားတို့ဆုံမိကြတော့



"ခင်ဗျားယူထားတဲ့ မိန်းမက ဆင်းရဲတဲ့သူဆိုတော့ ဘယ်လိုဆက်ဆံသလဲ။ ပြောစမ်းပါဦး"

"အားငယ်မှာစိုးတော့ အလိုလိုက်ရတာပေါ့ကွာ၊ ဒါနဲ့ခင်ဗျားကရော ချမ်းသာတဲ့ မိန်းမယူထားတော့"

"ကြောက်တော့ အလိုလိုက်ရတာပေါ့ဗျာ"

☺ ☺ ☺



## ကွဲပြားတာက

"မောင်ရယ် ဘွဲ့ရတာချင်းအတူတူ၊ ဘာသာတွဲချင်းအတူတူ၊ သူကချမ်းသာပြီး မောင်က ဘာလို့ မချမ်းသာရတာလဲ"

"ယောက္ခမချင်း မတူဘူးလေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အကာချင်းဖြင့် မတွေ့ပါလေ

"ဆင်းရဲချင်လည်း ခဏလေး၊ ချမ်းသာချင်လည်းခဏလေးဆိုတဲ့ စကားကို သတိရပါ ငါ့တူရာ။ ကိုယ့်မျက်စိရှေ့မှာတင် ချမ်းသာရာကနေ ဖြုန်းဆိုဆင်းရဲသွားတဲ့လူတွေ အများကြီးပဲ။

"ဆင်းရဲရာကနေ ဖြုန်းဆို ချမ်းသာသွားတဲ့လူကိုတော့ ဘာလို့ အတွေ့ရနည်းတာလဲဟင်"



☺ ☺ ☺

## အမြတ်

"ငါ့ဘဝမှာ အမြတ်ရတဲ့အလုပ်ဆိုလို့ မိန်းမယူခဲ့တာပဲရှိတယ်။"

"ယောက္ခမက ချမ်းသာသလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာမြတ်တာလဲ"

"အဲဒီ ယောက္ခမနှစ်ယောက်မြတ်တာလေ"

☺ ☺ ☺





## ညံ့တာသိသွားလို့

"အလုပ်လျှောက်တာ မရခဲ့ဘူးလား"

"မရခဲ့ပါဘူးဗျာ"

"မင်းမှာ လုပ်ငန်းအတွေ့အကြုံတွေအများကြီးရှိခဲ့တာပဲ"

"အဲဒါကြောင့်ပေါ့ဗျာ"

"ဟေ"

"ကျွန်တော်လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီတွေပြောလိုက်တော့ ပြုတ်နေတဲ့ ကုမ္ပဏီတွေချည်းဖြစ်နေလို့"

☺ ☺ ☺



## အမှားပြင်ဆင်ချက်

"ခင်ဗျား ကံနိမ့်နေတယ်၊ သတိထားပါ။ ရောင်းမှား၊ ဝယ်မှားဖြစ်နိုင်တယ်"

"ဆရာ ကျွန်တော်က အပေါင်ခံတဲ့အလုပ်လုပ်တာပါဆရာ"

"အင်း ဒါဆို ပေါင်မှား ရွေးမှားဖြစ်နိုင်တယ်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မပေါ်သေးတဲ့အဖြေ

"တို့အနားက ကုမ္ပဏီက အမျိုးကြီးပိုင်တာ။ နက်ဖြန်ဝန်ထမ်းသစ်တွေခန့်မယ်တဲ့။ ရွေးမှာကလည်း အမျိုးသမီးကြီး ငါးယောက်ပဲ။ အင်တာဗျူးဖြေဖို့ ကောင်လေး၊ ကောင်မလေးနှစ်ဆယ်လောက် လျှောက်ထားတယ်။



"အဲဒါဘာဖြစ်လဲ"

"ကောင်လေးတွေ ဦးစားပေးမလား၊ ကောင်မလေးတွေဦးစားပေးမလား၊ တွေးမရလို့၊ နက်ဖြန်ဖြေရမှာကွ"

(ဘယ်သူ့ဦးစားပေးမယ်ထင်သလဲ။ ဘာကြောင့်လဲ)

☺ ☺ ☺





## မန်နေဂျာဖြစ်ဖြစ်၊ ဒါရိုက်တာဖြစ်ဖြစ်

တစ်ခါက အလုပ်လာလျှောက်တဲ့ကလေးကို အင်တာဗျူးတော့

"မင်းအဖေက ဘာလုပ်သလဲ"

"စုပါဗိုက်ဇာပါ။ မင်းနှစ်မင့်လည်း ကျွမ်းကျင်သူပါ"



"မင်းအမေကရော"

"မာကက်တင်းပါ"

"ဘယ်မှာလုပ်သလဲ"

"အိမ်မှာပါပဲ၊ အမေက ခေါင်းချက်ဈေးသည်၊ အဖေက စိမ်အုပ်ချုပ်အရောင်းကြီးကြပ်ပေါ့"

"မင်းက ဘာလုပ်ချင်တာလဲ"

"မိဘထက်သာတဲ့သား ဖြစ်ချင်တာပါခင်ဗျာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အလွန်

"ကျွန်မယောကျ်ားက အလွန်ငွေရှာတော်တာ"

"ဒါဖြင့် ရှုပ်မှာပေါ့"

"ဟင့်အင် အလွန်သစ္စာရှိတယ်"

"တော်သေးတာပေါ့ရှင်၊ ယောကျ်ားဆိုတာငွေဝင်ရင် ရှုပ်ရင်ရှုပ် မရှုပ်ရင် အသောက်အစားဖက်ကြတာ"

"ကျွန်မ ယောကျ်ားကတော့ အလွန်စည်းတမ်းရှိတယ်ရှင့်"

"ဟုတ်လား၊ ကံကောင်းလိုက်တာ၊ ဘယ်အရွယ်ရှိပြီလဲ"

"အလွန်အိုပါပြီရှင်"

☺ ☺ ☺



## သိချင်စရာဖတ်

"ဒီစာအုပ် ဘယ်လိုနေသလဲ"

"မပြောတတ်ပါဘူး"

"စာအုပ်ရောင်းတဲ့လူဆိုတာ ဖတ်ကြည့်ထားမှပေါ့ကွ"

"ငါက အရောင်းကျမှာ မလိုလားဘူးကွ"

☺ ☺ ☺





## ဘဲဒါတော့

နေမကောင်းနေတဲ့ယောကျ်ားက ...

"ခင် လာပါဦး"

"ပြောလေ"

"မောင်မရှိတော့ရင် နောက်အိမ်ထောင်ပြုမှာလားဟင်"

"မောင်မရှိရင်တော့ အားကိုးရာရှာရမှာပေါ့"

"ဒါဆို ဒီတိုက်ကြီးမှာပဲ နေမှာလား"

"ဒီမှာပဲ နေမှာပေါ့"

"မောင့် အဝတ်တွေကိုရော"

"မောင့်အလွှမ်းပြေ သူ့ကိုပဲ ဆက်အဝတ်ခိုင်းရမှာပေါ့"

"ဘဏ်မှာဆပ်ရမယ့် ချေးငွေ သိန်း ၅၀ကိုရော"

"အဲဒါတော့ သူဆပ်နိုင်မယ် မထင်ဘူးမောင်၊ သူက စီးပွားရေးလုပ်ငန်းကြီးကြီးမလုပ်ဖူးဘူး"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ဟုတ်ပါပေတယ်

တစ်ခါက ကိုယ့်ယောကျ်ားရဲ့ ဂုဏ်ပုဒ်ကို အပြိုင်အဆိုင်ပြောနေကြတဲ့ မိန်းမတွေထဲမှာ တစ်ယောက်က

"ရှင့်ယောကျ်ားက ကုမ္ပဏီမှာ အရာရှိ၊ ကုမ္ပဏီတစ်ခုလုံး မီးသေတယ်။ သူပြီးရင်ပြီးရတယ်။ တော့်ယောကျ်ားကလည်း လုပ်ငန်းကြီးကြပ်၊ လုပ်ငန်းခွင်တစ်ခုလုံး မီးသေတယ်။ သူ့အမိန့်အတိုင်းလုပ်ရတယ်ပြောတော့ ကျွန်မယောကျ်ား အကြောင်းလည်း ပြောချင်လာတယ်။ သူက တစ်မြို့လုံးမီးသေတာရှင့်။"

"ဘာလုပ်သလဲ"

"မီးသတ်လေ"







## သူ့အကြောင်းကိုယ့်အကြောင်း

ပထမမိန်းမ — ကျွန်မယောကျ်ားကတော့ ငွေနောက်လိုက်ရင်း အချိန်ကုန်နေရတာပါတော်။



ဒုတိယမိန်းမ — ကျွန်မယောကျ်ားကတော့ ငွေနောက်မလိုက်ဘဲ အချိန်ကုန်နေတာတော့။ သူ့ယောကျ်ားပဲ ဇိမ်ကျမှာပါ။ လုပ်ငန်းရှင်ဆိုတော့။



တတိယမိန်းမ — မထင်ပါနဲ့တော်၊ ကျွန်မယောကျ်ားလည်း အလုပ်သမားတွေ နောက်လိုက်ရင်း အချိန်ကုန်နေရတာပါပဲ။





www.burmeseclassic.com

www.burmeseclassic.com



## လေကိုရင်းနှီးသူများ

ပွဲစားကတော် ကျွန်မယောကျ်ားက ပွဲစားဆိုတော့ စကားအလွန်ပြောတာပဲရှင့်။ အကျင့်ပါနေပြီလေ။ ပြောနိုင်မှ ငွေရတာမဟုတ်လား။




ရှေ့နေကတော် ကျွန်မယောကျ်ားကတော့ စကားကို မပြောပါဘူးရှင်။ သူလည်းအကျင့်ပါနေတာပဲ။ ငွေရမှ ပြောတဲ့ အကျင့် လေ။ ရှေ့နေကိုး။

☺ ☺ ☺





## ဈေးရော



သူဌေးကတော် ကျွန်မကတော့ စိန်တွေကို အရောင်မှိန်လာရင် သံပုရာရေနဲ့ ဆေးတယ်။ ပွဲစားကြီးကတော်ရော ဘယ်လိုလုပ်သလဲဟင်။

ပွဲစားကြီးကတော် ကျွန်မကတော့ စိန်တွေအရောင်မှိန်လာရင် လွှင့်ပစ်လိုက်တာပဲ။

☺ ☺ ☺



## မင်းထက်တတ်တယ်

"ဘယ်လိုနေသလဲ။ ရောင်းရရဲ့လား၊ မင်းထုတ်တဲ့စနစ်တကျငွေသုံးနည်းစာအုပ်"

"စာအုပ်ဝယ်ရမှာကို အပိုသက်သက် ဖြုန်းရာကျတယ်များ ထင်နေကြသလား မပြောတတ်ပါဘူးကွာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဖြိတ်တဲ့ အရည်အချင်း

"ပြောစမ်းပါဦး၊ ဘယ်လိုစိတ်ကူးရပြီး အကြွေးတွေပတ်ချာလည်ခိုင်းနေတဲ့လူကိုမှ လက်ထပ်လိုက်ရတာလဲအေ။"

"အကြွေးမယူတတ်တဲ့လူ လက်ထပ်ရင် ငတ်မှာပေါ့တော့"

☺ ☺ ☺



## အတိတ်အတွက်ပဲမျှပြန်

"ယနေ့ရောင်းရငွေသည် မနက်ဖြန်အတွက် အရင်းအနှီးဖြစ်သည်" ဆိုတဲ့ ဆိုင်းဘုတ်ကို ပန်းချီဆရာ ဆီယူလာပြီး ...

"ပြင်ရေးချင်လို့"

"ဘယ်လိုရေးချင်တာလဲ"

"နက်ဖြန်အတွက် အရင်းအနှီးဆိုတဲ့နေရာမှာ မနေ့က အကြွေးဆပ်ရန် ဆိုပြီး"

☺ ☺ ☺





## သူ့သိတပညာ

"အကြွေးတွေ သိန်းလေးငါးဆယ်ရှိတဲ့လူကို မင်းက ဆရာတင်ထားတယ်ဆို"

"အင်း"

"ဘယ်လိုစိတ်ကူးလဲကွာ"

"ငါ့မှာ တစ်သောင်းလောက်နဲ့ မနေတတ်၊ မထိုင်တတ်ဖြစ်နေလို့ပေါ့ကွာ။ သူက သိန်းလေးငါးဆယ် အကြွေးရှိတာကို ဘာမှမဖြစ်သလို နေနိုင်တယ်ကွ"



☺ ☺ ☺

## ခါဟောင်း ခါကောင်း ဝယ်ဈေး ရောင်းဈေး

"ကျုပ်က စာအုပ်အကြောင်း ကောင်းကောင်းသိတယ်"

"ဒါဖြင့် ဘာလို့ရှုံးတာလဲ"

"ကျုပ်ဆီကဝယ်တဲ့လူတွေက ကျုပ်လောက် တန်ဖိုးမသိဘူးဗျာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မှုတ်ပြီးတော့ မှုတ်

"ပဲပြုပ်"

"လာဦး၊ တစ်ဆယ်သားပေးပါ"

"ဟုတ်ကဲ့၊ ဒါနဲ့ နေပါဦး တော်လည်းအရင်က ရောင်းတယ်မဟုတ်လား"

"အင်း"

"ခုဘာလို့ မရောင်းတော့တာလဲ"

"အကြွေးတွေ ကျတယ်လေ၊ တောင်းမရတော့ အရင်းပြုတ်သွားလို့၊ ကဲ ဒီတစ်ဆယ်သားဖိုး နက်ဖြန်မှယူနော်"

☺ ☺ ☺



## ဝယ်သူ့ဘာမှမှန်တယ်

"ဆောင်းတွင်းမရောက်သေးဘဲ ဟိုဆိုင်က အနွေးထည်တွေက ဘာလို့ ရောင်းကောင်းနေရတာလဲ"

"ဆောင်းတွင်းရောက်ရင် ဈေးတက်မှာစိုးလို့ ဝယ်နေကြတာလေ"

☺ ☺ ☺





## ဘာထင်မလဲသေးဖါနဲ့

"ကားရောင်းလိုက်တာ ရှုံးတယ်ဆို"

"အင်း"

"အိမ်ရောင်းလိုက်တာရော"

"ရှုံးတာပဲ"

"မင်းဘဝမှာ ဘာများမြတ်ဖူးသလဲကွာ"

"မိန်းမယူတာလေ၊ ယူတုန်းကတော့ မိန်းမတစ်ယောက်တည်းပဲ။ ခု အိမ်ပေါ်မှာ ယောက်ဖက နှစ်ယောက်၊ ခယ်မက တစ်ယောက်၊ ယောက္ခမက နှစ်ယောက်။



☺ ☺ ☺

## ကွက်ကြားခံ့ချိန်

"မိုးကာအကျီနဲ့ ထီး အရောင်းရဆုံးနေ့ကို ပြောပြပါ။"

"မိုးကွက်ကြား ရွာသွယ်ရှိပါတယ်ဆိုတဲ့နေ့ပါ၊ ထစ်ချုန်းရွာမည်ဆိုတဲ့နေ့မျိုးမှာတော့ အသင့်ယူလာကြတာကိုး"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ပြန်တွက်ကြည့်ပါ

မြို့မှာ အရောင်းအဝယ်လုပ်နေတဲ့ သားဆီကို တောမှာနေတဲ့ အဖေက ရောက်လာပြီး

"ငါ့သား မင်း လုပ်ငန်းအဆင်ပြေရဲ့လား"

"ပြေပါတယ်ဖေဖေ"

"ငါကြားတော့ မပြေဘူးလို့ပြောနေကြပါလား"

"အရင်က သားဆိုင်ခန်းက ငါးပေခန်းလေးပါ ဖေဖေ။ ခု ဆိုင်ခန်းက ဆယ့်ငါးပေရှိပါတယ်။

"ဟုတ်လား။ ဘာတွေရောင်းနေသလဲ"

"မီးသွေးပါဖေဖေ"

"အရင်ကရော"

"ရွှေဆိုင်ဖွင့်တာပါဖေဖေ"

☺ ☺ ☺







## လေနည်းနည်းလျော့

တစ်ခါက ပွဲစားကြီးတစ်ယောက် နေမကောင်းတော့ ဆရာဝန်ပင့်ရသတဲ့။ ဆရာဝန်က စမ်းသပ်၊ ဆေးတိုး၊ ဆေးပေးကုသပြီးတော့

"ခုနစ်ထောင်ရှစ်ရာ ကျပါတယ်"

ဒီတော့ ပွဲစားကြီးက ငွေမရှင်းသေးဘဲ

"ဆရာ ကျွန်တော်အရင်တခါကုတုန်းက ..." ဆိုပြီး ရောက်တတ်ရာရာပြောနေတော့ ...

"ပွဲစားကြီး ဒါကြောင့် စီးပွားမဖြစ်တာဘဲ"

"ဗျာ"

"ပွဲစားကြီးက ကိုယ့်အရင်းအနှီးကို တန်ဖိုးမထားဘူးလေ။ ပွဲစားကြီးရဲ့အရင်းအနှီးကစကားပြောတာ။ ခုဘာလို့ ငွေမရဘဲ စကားတွေအများကြီးပြောနေရတာလဲ။ ကိုယ့်အရင်းအနှီးကို လေးစားတန်ဖိုးထားမှ ကြီးပွားမှာဗျ"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ငွေမရလို့

တစ်ခါက မီးရထားနဲ့ခရီးသွားတဲ့ဆီမှာ မျက်နှာချင်းဆိုင်ဆုံမိတဲ့လေးယောက်အနက်၊ နှစ်ယောက်တည်းပဲ တစ်လမ်းလုံးစကားပြောသွားကြသတဲ့။ နှစ်ယောက်ကတော့ ဘယ်သူနဲ့မှမပြောဘူး။

ခရီးဆုံးဘူတာရောက်လို့ လမ်းခွဲကြတော့မယ်ဆိုတော့ "ဟိုနှစ်ယောက်က ဘယ်လိုသဘောလဲ၊စကားလုံးဝမပြောကြပါလား"

"တစ်ယောက်က ရှေ့နေ၊ တစ်ယောက်က ပွဲစားလေ"

☺ ☺ ☺



## ရှင်းအောင်ပြောပါ

"ငွေတွေ အစုလိုက် အပြုံလိုက်ဝင်မယ်"

"ငါးကျပ်တန်တွေလား၊ ငါးရာတန်၊ တစ်ထောင်တန်တွေလား"

☺ ☺ ☺





## လင်မယားဆို

ဦးသာအိုးနဲ့ဒေါ်စိန်တို့ စကားများကြတိုင်း ဦးသာအိုးကချည်းပဲ အလျှော့ပေးရလေ့ရှိတယ်။ ဒီတော့ သူ့မိတ်ဆွေတွေက ...

"ခင်ဗျားက မိန်းမကို အတော်ကြောက်တာပဲ"

"မကြောက်ပါဘူးဗျာ"

"မကြောက်ဘူးသာဆိုတာ ခင်ဗျားကချည်း အလျှော့ပေးနေရတာ"

"သူကရှေ့နေဗျ။ လျှောက်လဲတာ၊အယူခံဝင်တာ၊ ရက်ချိန်းတောင်းတာ၊ နို့တစ်ပေးတာ၊ ရုံးကိစ္စတွေအလွန်ကျွမ်းကျင်တာ။ စကားများတိုင်း ကျုပ်ဆီက လျော်ကြေး မတောင်းတာ တော်လှပြီ။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ကျားမှေ့မှောက်လဲသူ

တစ်ခါက လက်ဖက်ရည်ဆိုင်မှာ လူနှစ်ယောက် ဆုံမိပြီးရောက်တတ်ရာရာပြောကြရင်း ...

"ကျွန်တော်က ပညာကိုရင်းပြီး ငွေရှာတာဆိုတော့ ဝင်ငွေက အမှန်မရှိဘူးပေါ့ဗျာ။ တစ်လဆယ့်ငါးသိန်းဝင်တဲ့အခါလည်းရှိ၊ သိန်းနှစ်ဆယ်ဝင်တဲ့အခါလည်းရှိ"



"ဝမ်းသာပါတယ်ဗျာ။ကျွန်တော်လည်း ပညာကိုအားကိုးပြီး ဘဝကိုရပ်တည်နေရတာပါပဲ"

"ဟုတ်လား၊ ဘာလုပ်သလဲ"

"ဝန်ထမ်းဆိုပါတော့၊ အခွန်ဦးစီးမှာ"

☺ ☺ ☺





## ဆန့်ကျင်ဘက်တို့ရဲ့ဓမ္မသဘော

"ငါကြီးပွားတာက ငါမကြိုက်တဲ့အလုပ် လုပ်နေလို့"

"ဗျာ"

"အရက်ရောင်းတာလေ။ ဒီကောင်က သောက်ရင် စီးပွားပျက်တယ်။ရောင်းရင်စီးပွားတက်တယ်။"



☺ ☺ ☺

## ဘာတတ်သိတယ်

ဗေဒင်ဆရာရဲ့ အိမ်ကို သူ့ယောက္ခမရောက်လာတော့ ဗေဒင်ဆရာက

"မင်း အမေစီးပွားပျက်လာပြီထင်တယ်"

"မောင်က ဘယ်လိုလုပ်သိတာလဲ"

"သားမက်လေးယောက်ရှိတာတွေ၊ ငါ့ဆီ ရွှေးလာမှတော့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မှားတတ်ပါလေ

တစ်ခါက သူဌေးလင်မယားဟာ ဗေဒင်ဆရာတစ်ယောက်ရဲ့ ဟောခန်း ရှေ့ရောက်တော့ ဗေဒင်ဆရာက

"မေးသွားပါဦးလား၊ ရစရာရှိ တာတွေ ဘယ်တော့ရမယ်၊ ရည်ရွယ် ထားတဲ့လုပ်ငန်း ဘယ်တော့အောင် မြင်မယ်ဆိုတာ သိရတာပေါ့"

လို့ ပြောတာနဲ့ မိန်းမဖြစ်သူက မေးစေချင်လို့ ဝင်မေးဖြစ်ကြတယ်။ ဒီတော့ ဗေဒင်ဆရာကတွက်ချက်ပြီး

"ရစရာက တောင်အရပ်မှာရှိ တယ်၊ အနောက်အရပ်မှာလည်းရှိ တယ်။တောင်အရပ်က တစ်ဝက်ရပြီး ပြီ။ အနောက်အရပ်က ရစရာရှိတာ အားလုံး ရှေ့လဆန်းမှာရမယ်။ အ ရှေ့အရပ်က အကူအညီတောင်းသူ လာမယ်။ စိတ်အနှောင့်အယှက်ဖြစ် မယ်။"

အဲသလိုတွေ ပြောလိုက်တော့ အားလုံးမှန်နေသတဲ့။ဒီတော့ မိန်းမက

"ပြီးခဲ့တာတွေလည်း ဟောပါဦး







ဆရာ"

"အင်း ဖြစ်ခဲ့တာတွေက သိပ် မကြာခင်က ငွေအစုလိုက်အပြုံလိုက် ရထားတယ်"

မိန်းမဖြစ်သူက သူဌေးကို မျက်လုံးပြူးကြည့်တယ်။

သူဌေးက ဗေဒင်ဆရာကို မျက်လုံးပြူးကြည့်တယ်။

ဗေဒင်ဆရာက သူဌေးကို တောင်းပန်လိုက်သတဲ့။ ကပျာကယာ

"တစ်ခါတစ်လေ ကျွန်တော် ဟောတာ မှားတတ်ပါတယ်ခင်ဗျာ"



☺ ☺ ☺

## ပြောလေ

ဗေဒင်ဆရာ ခင်ဗျားယုံကြည် နေ တဲ့လူက ခင်ဗျားကို လိမ်လိမ့်မယ်။

မေးသူ ကျွန်တော် တခြား ဆရာဆီ သွားမေးရ မလားဟင်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## သူတည်းတစ်ယောက် ကောင်းချိုးရောက်မှု

တစ်ခါက သားလှပျိုဗေဒင်ဆရာကို သွားမေးက

“ငါ့သားဆီလာနေတဲ့ ပွဲစားကြီးသမီးဖြစ်ဖြစ်၊ သူဌေးကြီးသမီးဖြစ်ဖြစ် လက်ထပ်ဖို့ စိတ်ကူးကြည့်ပါလား”

“အဲဒီအမျိုးတွေက ဗေဒင်ဝါသနာအိုးတွေ အဖေရ။ တစ်မျိုးလုံးဗေဒင်မေး ဝါသနာပါတာ။ ခုလိုနေတာက သူတို့အဆင်မပြေပေမယ့် ကျွန်တော် အဆင်ပြေနေသေးတယ်။

☺ ☺ ☺



## ဝင်ငွေကောင်းတဲ့အလုပ်

“ကျုပ်အလုပ်က တစ်ရက်လုပ်ရင် တစ်လ ထိုင်စားလို့ရတယ်”

“ဒါနဲ့များ ဘာလို့ မပြေလည်ရတာလဲ”

“တစ်နှစ်မှာ တစ်ရက်လောက်ပဲလုပ်ရလို့ပေါ့ဗျာ”

☺ ☺ ☺





## သူ့ခေတ်နဲ့သူ

“အကုန်လုံးပြောင်းလဲ တိုးတက်သွားပြီနော်”

“အင်း”

“ဟိုတယ်ကြီးတွေ၊ ကုမ္ပဏီကြီးတွေ၊ ကုန်တိုက်ကြီးတွေဖြစ်သွားတော့ ခင်ဗျားတို့ဗေဒင်ဆရာများရဲ့အနေအထား ပြောပြပါဦး”

“ကွန်ပျူတာနဲ့ ဟောတယ်လေ။ အင်တာနက်ကနေဆက်သွယ်မယ်ဆိုရင် ဒဘလျူ၊ ဒဘလျူ၊ ဒဘလျူ ဒေါ့ဘ် ချွန်စနြ့ ဒေါ့ဘ် ကွန်းမ်း”

☺ ☺ ☺



## ရတ

“အစ်မကြီး ခွေးစာဝယ်ပါဦး”

“တော်ပါပြီကွယ်”

“အဆင့်မြင့်ပြီး မျိုးကောင်း မျိုးသန့်ခွေးတိုင်းက ဒီအစာကို ကြိုက်ပါတယ်ခင်ဗျာ”

“မင်းကို သူတို့ကပြောတာလား”

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ရေးသူ့ကြောင့်

တစ်ခါက ကုန်သည်ကြီးဦးဘောဂဟာ အရောင်းအဝယ်လုပ်ရာမှာ အရှုံးကြီးရှုံးသွားတော့၊ သူ့မိန်းမက

"ဘယ်လိုဖြစ်ရတာလဲ"

"တုတ်ကွေးကြောင့်ပေါ့"

"ဘယ်သူဖြစ်တာလဲ၊ ဘယ်လိုပတ်သက်တာလဲ"

"တိုင်ပင်နေကျ ဗေဒင်ဆရာကွေးတာပါ"

☺ ☺ ☺



## မအောင့်လွှတ်ချင်နေ မကျညီပါနှင့်

"မောင်ရဲ့ အလုပ်တွေကို တတ်နိုင်သလောက် ဝင်ကူချင်တယ်"

"မင်း ဘာမှ ဝင်မကူညီတာကိုက ကူညီပြီးဖြစ်နေပါပြီကွာ"

☺ ☺ ☺





## အထင်ကြီးခံရဖို့လိုတယ်

ဆရာ — ငါ့တပည့်။ မင်း ဆရာတစ်ဆူဖြစ်ပြီလို့ ယုံကြည်တော့။ မင်းဟာ မင်း ဟောခန်းဖွင့်လို့ရပြီ။

တပည့် — ဘယ်လို နေရာဖွင့်သင့်သလဲ ဆရာ။

ဆရာ — မင်းမိန်းမလိုက်မလာ နိုင်မယ့် နေရာမျိုး ရှာဖွင့်ကွာ"

☺ ☺ ☺



## အဝင်လို့

"မင်းတို့ရပ်ကွက်ထဲ အိမ်ငှားလို့ရနေလား"

"ဘာလုပ်မှာလဲ သူငယ်ချင်းရာ။ ဒါတောင် အပိုင်ဝယ်ထားမိလို့ နေရတာ။ တစ်ရပ်ကွက်လုံး မှုရှုနေလူတွေချည်းပဲ"

"ငါက အရက်ဆိုင်ဖွင့်ချင်လို့ကွ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ပြန်ရောင်းဖို့

လူတစ်ယောက်က လမ်းဘေး စာအုပ်ဆိုင်မှာ ရပ်ငေးနေရင်းကနေ ...



"ဟိုစာအုပ်ဘယ်လောက်လဲ"

"ငါးရာပါ။ ဒီနေ့မှထွက်တာ"

"ဟာ ကျွန်တော်က အပျင်းပြေ ဖတ်ချင်တာ၊ ဟိုအဟောင်းကတော့ ..."

"အဲဒါက နှစ်ထောင်ပါ"

"အဟောင်းလေ"

"ဟုတ်ပါတယ်။ အဟောင်းက လိုချင်တိုင်း ဝယ်လို့ရတာမဟုတ်တော့ဘူး"

"ဒါဖြင့် ငါးရာဆိုတဲ့စာအုပ် ဆယ်အုပ်ဝယ်မယ်၊ ခင်ဗျားဆီပဲ စီးပြီး သိမ်းထားပေးပါ၊ ဟောင်းမှ လာယူတော့မယ်"

☺ ☺ ☺





## စားချင်ရင်

စာအုပ်ဆိုင်တစ်ဆိုင်မှာ



သားဖြစ်သူက စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ်ဖတ်နေလေ့ရှိတယ်။ ဝယ်သူလာရင် အဖေဖြစ်သူကချည်း ရောင်းနေရတော့ ...

"ငါ့သား"

"ဗျာ"

"ဒီကမ္ဘာပေါ်မှာလေ စာရေးသားတဲ့လူရှိတယ်။ စာအုပ်ထုတ်စားတဲ့ လူရှိတယ်။ စာအုပ်ရောင်းစားတဲ့လူရှိ တယ်။ စာအုပ်ငှားစားတဲ့လူရှိတယ်။ မြဲမြဲမှတ်ထားကွ။ စာအုပ်ဖတ်စားတဲ့ လူဆိုတာမရှိဘူး။"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## သိပါပေတယ်

"ဆရာကြီး စာအုပ်ဝယ်ပါဦး၊ ကြီးပွားချမ်းသာလိုသူ ဒုတိယတွဲ ထွက်တယ်"

"ဟုတ်ပြီ၊ ဒါကြောင့် ဖသမတွဲမှာ အလုပ်တစ်ခုကို လုပ်ရင် အောင်မြင်သည်အထိ လုပ်ရမယ်လို့ဆိုထားတာကိုး"

☺ ☺ ☺



## အားလုံးအတူတူပဲ

"ဘယ်လိုစာအုပ်မျိုးတွေ ရောင်းကောင်းသလဲ"

"ပြောဖို့ခက်ပါတယ်"

"အဖတ်များတဲ့စာအုပ်မျိုး သိချင်လို့ပါ"

"ကျွန်တော်က တစ်မျိုးနှစ်အုပ်စီ ယူရောင်းတာခင်ဗျ"

☺ ☺ ☺





## အချက်ပြဆက်သွယ်ရေး

တစ်ခါက နွားဈေးမှာ ဝယ်သူနဲ့ ရောင်းသူကြား အဆင်မပြေနိုင်ဘဲ ဖြစ်နေလို့ပွဲစားကကြားဝင်ပြီး အချက် ပြလိုက်တော့မှ အရောင်းအဝယ်ဖြစ်သွားကြသတဲ့။ ဒီတော့ ဘေးမှာရှိတဲ့လူက

"ပွဲစား ဘယ်လိုများ အချက်ပြလိုက်တာလဲ"

"သူတို့နှစ်ယောက်ကြားရပ်၊ မျက်စိနှစ်လုံးကြားလက်ဝါးကာပြီး မှိတ်ပြလိုက်တာလေ။ ဝယ်သူကလည်း ရောင်းသူမမြင်အောင် လက်ဝါးကာပြီး သူ့ကိုမှိတ်တယ်ထင်တာ။ ရောင်းသူကလည်း ဝယ်သူမမြင်အောင် လက်ဝါးကာပြီး သူ့ကိုမျက်စိမှိတ်ပြတယ်ထင်တာ" လို့ ပြန်ဖြေလိုက်တယ်။



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဦးဖွ


တစ်ခါက စက်ဘီးရောင်းချင်တဲ့သူက ပွဲစားကို

"ကျွန်တော့်စက်ဘီးရောင်းချင်လို့"

"ဘာဖြစ်လို့ ရောင်းချင်တာလဲ၊ ပွင့်ပွင့်လင်းလင်းတော့ပြော"

"အောက်ဆုံး (ခြေနင်းကွင်းဂီယာဝိုင်းတပ်တဲ့နေရာ) က အက်နေလို့"

"အင်း ဒါဆိုရင်တော့ ဦးဖွလုပ်ပြီး ရောင်းရမှာပဲ"



နောက်ရက်မှာတော့ ပွဲစားက ရောက်လာပြီး စက်ဘီးရဲ့ ရှေ့လက်ကိုင်တပ်တဲ့နေရာ(ဖက်-ခေါင်း)မှာ ရွှံ့တွေသုပ်ပြီး

"ဒီရွှံ့တွေရေမဆေးနဲ့ ကျုပ်ဝယ်သူခေါ်လာခဲ့မယ်။ ဝယ်သူက ရွှံ့တွေကိုကြည့်ရင် လှည်းဘီးမှိထောင်ထားရာက ပေတာလို့ပြော"





ဆိုပြီးမှာတယ်။ နောက်ရက်ဝယ်သူကိုခေါ်လာတော့၊ ဝယ်သူက စက်ဘီးကိုကြည့်ရင်း ဖက်က ရွှံ့တွေကို သံသယဝင်သလို ကြည့်နေတော့

"လှည်းဘီး မှိထောင်ထားရာက ပေနေတာတွေပါ" လို့ ပိုင်ရှင်က ပြောတယ်။ ပွဲစားက

"ခင်ဗျားက အဆက်၊အနှာ၊ အအက်ပါတယ်ထင်နေပုံရတယ်။ ဒီမှာကြည့်"



ဆိုပြီး ရေပုံးဆွဲလာပြီး ဆေးပြတယ်။

"အအက်ကို ရွှံ့ပိတ်ရောင်းတာမဟုတ်ပါဘူးဗျ"

ဝယ်သူက ပြန်အားနာပြီး

"ယုံပါတယ်ဗျာ" လို့ပြောပြီး ဝယ်သွားသတဲ့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ကွက်ကြားမိုး

တစ်ခါက အလှူအတွက် ကြက်ပိဿာ ၃၀လိုချင်တယ်ဆိုတော့ လူတစ်ယောက်က သူ့ကြက်ခြံဖြုတ်ချင်တာမို့ လျှော့ဈေးနဲ့ပေးမယ်ဆိုစပ်တယ်။ အလှူရှင်ကလည်း ယူမယ်ပေါ့။ ပို့ရမယ့်အချိန်ရောက်တော့ ရောင်းမယ့်လူက အချိန်နောက်ကျမှ ရောက်လာတယ်။ လမ်းမှာ ရေမြောင်းထဲဆင်းပြီး ကြက်ရော၊လူရော ရေစိမ်လာလို့ အလှူရှင်အိမ်ရောက်တော့ ရေစက်လက်နဲ့။ ဒီတော့ ကြက်မွေးတွေကရေစိုပြီး အလေးချိန်စီးတုန်တာပေါ့။ ပိဿာ ၂၀လောက်ရှိတဲ့ကြက်က ပိဿာ၃၀ကျော်လောက်ဖြစ်နေရော။ အလှူရှင်က ငွေကလည်းပေးပြီးဖြစ်နေလို့ ...

"ဘယ်လိုဖြစ်လာတာလဲဗျာ။ ခင်ဗျားကြက်တွေက ရေစက်လက်နဲ့"

"မတတ်နိုင်ဘူး အလှူဒကာရေ၊ ကျုပ်လည်း၊ လမ်းမှာ ကွက်ကြားမိုးမိလာတော့" လို့ ဖြေလိုက်သတဲ့။

☺ ☺ ☺







## မတွေ့နေပါစ တိုင်ကြားပါဆိုလို့

"မန်နေဂျာကို တွေ့ချင်လို့"

အသက်ငါးဆယ်ကျော် အမျိုးသမီးကြီးနှစ်ဦးက မန်နေဂျာရဲ့ စားပွဲရှေ့မှာရပ်လိုက်တယ်။

"ပြောပါခင်ဗျာ။ ကျွန်တော်ပါပဲ"

"မိတ်ကပ်ရောင်းတဲ့နေရာက ကလေးမတွေ စကားပြောမတတ်လို့။ ကျွန်မ အားကြီးစိတ်ဆိုးတယ်"



"ကျွန်တော်အရေးယူပေးပါ့ မယ်ခင်ဗျာ။ ဘယ်လိုများပြောလို့ပါလိမ့်"

"မိတ်ကပ်ဗူးကို ထုတ်ပြပြီး ဒီအရောင်က လူကြီးတွေနဲ့လိုက်တယ် ဆိုပြောလို့"

☺ ☺ ☺



www.burmeseclassic.com

## သင့်တာက

ခါးတုတ်တုတ်၊ ဗိုက်ပူပူ ခပ်ဝဝ အမျိုးသမီးကြီးက အားကစားပစ္စည်း အရောင်းဆိုင်ထဲဝင်လာပြီး

"ဒီဆိုင်မှာ အစ်မကြီးတို့ အသုံး ဝင်မယ့် အားကစားပစ္စည်းလိုချင်လို့၊ ဘယ်ဟာမျိုး ကစားသင့်သလဲဟင်"



"အလေးမတာ အကောင်းဆုံးပါ ပဲခင်ဗျာ"

☺ ☺ ☺

## မှန်ကြည့်ဖို့

"ရှင်တို့ထုတ်လုပ်တဲ့ မိတ်ကပ် လိမ်းရင် သိသိသာသာအသားဖြူစေ ရမယ်ဆိုတာ တကယ်လား"

"တကယ်ပါ"

"ဈေးယူတာ မများလွန်းဘူးလား ရှင်"

"မများပါဘူးခင်ဗျာ၊ အာဖရိက အလယ်သွားဖို့ လေယာဉ်လက်မှတ် ပါ မေတ္တာလက်ဆောင်ပေးတာမို့ပါ"

☺ ☺ ☺





## ခေါင်းမရှင် ကြီးလိုက်ပါ

ခပ်ဝဝအမျိုးသမီးကြီးက ကာယ အလှသင်တန်းခန်းမကို ရောက်လာ ပြီး

"ကျွန်မ ခါးသေးအောင်လုပ်လို့ ရပါ့မလားရှင်"

သင်တန်းမှူးက သေသေချာချာ ကြည့်လိုက်ပြီး

"ခန္ဓာကိုယ်ကို ကြည့်ကောင်း အောင်တော့ လုပ်လို့ရပါတယ်"

"ဘယ်လိုလုပ်ရမလဲဟင်"

"တင်နဲ့ရင်ကို ခါးထက်ကြီး အောင်လုပ်လိုက်"

☺ ☺ ☺



## ဗိုဒ္ဓိသူ့လက္ခဏာ

"တော် အလုပ်လုပ်ဖို့ စိတ်ကူး တော့ဘူးလား"

"ငါ ဘာလုပ်လုပ် ရှုံးမယ်တဲ့၊ လက္ခဏာဆရာက ပြောထားလို့"

☺ ☺ ☺

www.burmeseclassic.com



## ညှင်းချက်

"ရှင်က မန်နေဂျာလား"

"ဟုတ်ကဲ့"

"ဟို အဝတ်အထည်ကောင်တာနားက အမျိုးသမီးက တော်တော်မျက်နှာဆိုးတာပဲရှင်။ ဘယ်နှယ့် တစ်ဆိုင်လုံးသူ့လုပ်စာ စားနေတာကျနေတာပဲ"

"ဟုတ်ပါတယ်ခင်ဗျ"

"ဘာဟုတ်တာလဲ"

"သူက ဆိုင်ရှင်ပါ"

☺ ☺ ☺



## အချစ်လက်ကျန်

"မောင့်မှာရှိတဲ့ ငွေတွေအားလုံးဆုံးရှုံးသွားရင် ဘယ်လိုသဘောထားမှာလဲဟင်။ ဆက်ချစ်ဦးမှာလား"

အမျိုးသမီးက ခဏစဉ်းစားလိုက်ပြီး

"တိုက်နဲ့ကား ရှိသေးတယ်လေ"

☺ ☺ ☺





## အငွေ့ပဲရှ

"တစ်လ တစ်လရတာ မောင့်ဖို့ဝယ်ရတာနဲ့ကုန်တာပဲ"

"ဘာတွေဝယ်ပြန်ပြီလဲကွာ။ မဝယ်ပါနဲ့လို့ ပြောထားသားနဲ့"

"မောင်ကြိုက်တတ်တာလေးတွေတွေ့နေတော့ မဝယ်ဘဲမနေနိုင်ဘူးလေ။ အဆင်သင့်တွေ့နေတော့ ရတုန်းဆို ဝယ်လိုက်ရတာ။ မောင်ပေးလိုက်တဲ့ နှစ်သောင်းပြောင်ရော"

"ဟေ"

"ဒီမယ် မိတ်ကပ်ရယ်၊ ရေမွှေးရယ်၊ နှုတ်ခမ်းနီရယ် မောင် ကြိုက်တဲ့အနံ့လေးတွေ"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ကြိုက်တာဘာကြောင့်ဆိုသည်

"ငါ့သား မင်း ဒီကောင်မလေးကို တကယ်လက်ထပ်ယူတော့မှာလား။ စဉ်းစားပါကွာ။ ရုပ်လည်း မလှဘူး။ ဘွဲ့လည်းမရဘူး။ မိဘက ဆင်းရဲသေးတယ်။ သူ့မှာ ဘာအရည်အချင်းရှိလို့လဲ"

"အဲဒါတွေ သားသိပါတယ်ဖေဖေ"

"သိတယ်ဆိုပြီး ဘာလို့ လက်ထပ်ဖို့ထိ ဆုံးဖြတ်ရတာလဲကွာ၊ ငါ့ကို နိုင်ဆာတဲ့ အကြောင်းပြချက် တစ်ချက်လောက်ပေးစမ်းပါ"

"ဖေဖေ့ ကုမ္ပဏီက ထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းတွေလိုပေါ့ဖေဖေ"

☺ ☺ ☺





## တက်လည်း တက်နိုင်ကြပါတယ်

ဈေးကွက်ကို ရေရှည်ထိန်းနိုင်ဖို့က အဓိက ကွ။ ဘဲတံဆိပ်ဆိုကြည့်ပါလား။ ဈေးကွက်ရဲ့ထိပ်ဆုံးမှာ ခဏပဲ။ ငန်းတ နေရာယူသွားရော။ ဟော ခု ငန်းက ပျောက်ပြီး ဗျိုင်းက တက်လာပြန်ပြီ။ ဗျိုင်းတံဆိပ် ထိပ်ဆုံးရနေတာမှ မကြာသေးဘူး ဟသာ်တဲ့။ ကြော်ငြာနေပြန်ပြီ။ မင်း သတိထားရဲ့လား။

"အဲဒီ တံဆိပ်တွေအားလုံး ကုမ္ပဏီတစ်ခုတည်းက ထုတ်နေတာဆရာ"

☺ ☺ ☺



## ဖြစ်တတ်တယ်

"မင်းအမေကို ငွေတ သောင်းပေးလိုက်ပါဆိုတာ တစ်သိန်းပေးရသလားကွာ။ ဒါနဲ့များ စာရင်းကိုင်လုပ်နေရသေးတယ်လို့"

"သုံးညလေးတစ်လုံးမှားတာပါ မောင်ရယ်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## လိုသုံး အပိုသုံး

"ကြွရောက်လာတဲ့ မိတ်ဆွေများ စဉ်းစားကြပါခင်ဗျာ။ ဈေးကွက်က ဦးဆောင်တဲ့နောက်ကို လိုက်ရမှာလား။ ဒီနေ့ ဝယ်သူ သုံးစွဲသူတွေရဲ့ အခိက လိုအပ်ချက်ကို ကျွန်တော်တို့ ဖြည့်ဆည်း ပေးနေပါလျက်နဲ့ ကျွန်တော်တို့ ကုန်ပစ္စည်းတွေဟာ ဘာလို့ ဈေးကွက်မှာ ဦးမဆောင်နိုင်တာလဲ။ ဝိုင်းဝန်း စဉ်းစားကြပါဦးခင်ဗျာ"



"ဟုတ်ကဲ့။ ကျွန်တော့်အမြင်ကို ပြောရရင်တော့ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ငွေယားလေးရှိနေသူတွေ အပျင်းပြေသုံးစွဲမယ့် အပိုသုံး ပစ္စည်းမျိုးကို ထုတ်လုပ်စေချင်ပါတယ်"

☺ ☺ ☺





## လပ်နေတဲ့ အလယ်

"ပစ္စည်းတစ်ခုကို ထုတ်လုပ်မယ်ဆိုရင် အကောင်းဆုံးကို ထုတ်လုပ်လား။ အလယ်အလပ်ကို ထုတ်လုပ်လား။ အညံ့စားကို ထုတ်လုပ်မလား။"

"အကောင်းဆုံးနဲ့ အညံ့စားပဲ ထုတ်လုပ်သင့်ပါတယ်။"

"ဘာလို့လဲ"

"အလယ်အလပ် သုံးနိုင်တဲ့သူတွေက အကောင်းဆုံးကို သုံးချင်တယ်။ မသုံးနိုင်သေးခင်တော့ အညံ့စားသုံးရင်း ငွေစုကြလို့ပါ"

☺ ☺ ☺



## နှစ်ယောက်သွား

"နေပါဦး တော်က စက္ကူရိုထေရီ ထိုးလိုက်တယ်ဆို"

"မင်းပဲ ငွေများများရအောင် အလုပ်ပိုလုပ်ပါဆို"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ကြိုတင်ကာကွယ်ရေး

"ဟဲ့သမီး သမီးရဲ့ယောကျ်ားက ပြီးခဲ့တဲ့ ခြောက်လလောက်က ငွေ သိန်းနှစ်ဆယ်ရတယ်ဆို"

"ဟုတ်တယ်အမေ။ သူ့ဘကြီးဆီက"

"လွန်ခဲ့တဲ့ သုံးလလောက်က ရတာကရော"

"သူ့အဖေဘက်က"

"အင် – ဒါဖြင့် ပြီးမဲ့တဲ့လက ရတာက"

"သူ့အမေဘက်ကတဲ့။ ဒါကို ဗေဒင်က ဟောထားတုန်း မမျှော်လင့်ဘဲ ထူးထူးခြားခြား ငွေရလမ်း ရှိသေးတယ်တဲ့"

"ဒုက္ခပါပဲ။ ငါတော့ ကျန်းမာရေး ဂရုစိုက်မှ"

☺ ☺ ☺





## အရှုံးထဲက အမြတ်

"မင်းမှာရှိတဲ့ငွေတွေ မင်းမိန်းမကို အကုန်ပေးလိုက်တယ်ဆို။ ခု မင်းတို့ကွဲတော့ မင်းမွဲပြီမဟုတ်လား"

"ဒါ ငါ့ဘဝအတွက် အကောင်းဆုံး သင်ခန်းစာပဲကွ"

"ကြောက်သွားပြီလား"

"မကြောက်ပါဘူး။နောက်တစ်ခါ ခုလိုမဖြစ်ရအောင် အစကတည်းက ငွေချမ်းသာတဲ့ မိန်းမကို ယူရမယ်လေ"

☺ ☺ ☺



## မှာပေးပါ

"လောကကြီးမှာ ငွေထက်အရေးကြီးတာတွေ အများကြီးပဲတော့်။ ကျုပ် ခုမှ သတိထားမိတာ။"

"ရှိသေးမှလား"

"ရွှေတော့ ရွှေ၊ ပြီးတော့ စိန်"

☺ ☺ ☺







www.burmeseclassic.com

www.burmeseclassic.com



## တွက်ကိန်း

သူဌေး — မင်း ငါ့လို မချမ်းသာချင်ဘူးလား။

အလုပ်သမား — မချမ်းသာချင် ပါဘူးခင်ဗျာ။

သူဌေး — မင်းဟာ ထူးခြားတဲ့ သတ္တဝါပဲ။ မချမ်းသာချင်ဘူး ရယ်လို့။ ပြောစမ်းပါဦး အကြောင်းရင်းကို။

အလုပ်သမား — လူ့ဘဝဆိုတာ မမျှော်လင့်တာတွေ ဖြစ်တတ်လို့ပါ ခင်ဗျာ။

☺ ☺ ☺







## ဝင်ဟိ့

ထူးထူးခြားခြား ငွေရတဲ့ အကြောင်းတွေရေးမိတော့ ကံချွန်ရဲ့ မိတ်ဆွေ လူရွှင်တော် ဦးချစ်စရာ ပြောပြတာကို အမှတ်ရမိပါတယ်။

"ကိုကံကို ပြောရဦးမယ်။ ကျွန်တော့်သား စီးဖိန်ကလည်း ထူးခြားတာပဲ။ ကျွန်တော့်မိတ်ဆွေ အတော်များများက ဒီကောင်ရှေ့လာပြီး မျက်နှာထိုးထိုးပေးကြတယ်။ ဒီကောင်က မျက်နှာကို လက်ဖါးနဲ့ ရွတ်သပ်ပေးလိုက်ရင် လုပ်ငန်းတွေ အဆင်ပြေပြီး ငွေဝင်တယ်ဆိုပြီးတော့"



စီးဖိန်ဆိုတာ အသက်ငါးနှစ်လောက်ပဲ ရှိသေးတာပါ။

"တကယ်ရော ဟုတ်ရဲ့လား"

"စီးပွားရေးသမားတွေပဲဗျာ။ ငွေရှာနေတဲ့လူတွေဆိုတော့ ဝင်စရာရှိတဲ့ ငွေကတော့ ဝင်မှာပေါ့။ ဒါပေမယ့် စိတ်အစွဲလို့ ပြောရမယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် မျက်နှာကို သပ်ပေးလိုက်တဲ့နေ့မှာ သေချာပေါက်ငွေဝင်တယ်တဲ့လေ။ အဲဒါ ဒီကောင့်ကို မျက်နှာသပ်ပေးဖို့ သူ့ရှေ့လာ မျက်နှာတွေထိုးပေးတော့တာ။ သူက သပ်ပေးလိုက်ရင် ဟိုက မုန့်ဖိုးဆိုပြီး နှစ်ရာပေး၊ ငါးရာပေးနဲ့"

"ဟန်ကျနေတာပေါ့"

"မနေ့ကတော့ ဟန်မကျဘူးဗျ"

"ဘာလို့"

"ဒီကောင် သူ့မျက်နှာသုတ်လက်ဝါးနဲ့ပွတ်နေတာ မနားတမ်းဘဲ။ ဘယ်သူမှ လာမခိုင်းလို့ မုန့်ဖိုးပြတ်နေလို့"

☺ ☺ ☺



## တော့ဟာတော့ မဖြစ်နိုင်ဘူး

"ငါ စိတ်ကူးကောင်းတစ်ခု ရထားတယ်"

"ဘယ်သူ့ခေါင်းထဲကလဲ"

☺ ☺ ☺





## အကြောင်းပြချက် ပြောင်းပေးပါ

တစ်ခါက အရက်ဖြန့်ချိရေးဌာနကို မှူးနေတဲ့လူတစ်ယောက် ရောက်လာပြီး -

"မန်နေဂျာနဲ့ တွေ့ချင်လို့ပါ"

"ဘာကိစ္စရှိလို့ပါလိမ့်"

"အလုပ် လိုချင်လို့"

"ခင်ဗျား ဒီလောက်မူးနေရင် အလုပ်ခန့်ဖို့ခက်ပါတယ်"

"စဉ်းစားပေးပါဦး ခင်ဗျာ။ ကျွန်တော်သောက်လာတာ လူကြီးမင်းတို့ ဖြန့်တဲ့အရက်ပါ"

☺ ☺ ☺



## ဖျက်ပြီးရင်းဖျက်

"လုပ်ငန်းတစ်ခု အကောင်အထည်ပေါ်ဖို့ရန်အတွက် စိတ်ကူးက အခြေခံပဲကွ"

"ဟုတ်ပြီ။ မင်း စိတ်ကူးတွေက ခပ်ယိုင်ယိုင်တွေမှန်း ငါ ခုမှ သိတော့တယ်"

☺ ☺ ☺



www.burmeseclassic.com

## ပျော်ရာမှာ မနေရ

"အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် စဉ်းစား။ ကိုယ်ဝါသနာပါတဲ့အလုပ်၊ နှစ်သက်မြတ်နိုးတဲ့အလုပ်ဖြစ်ပါစေ။ ဒါမှ လုပ်ငန်းခွင်မှာ ပျော်နေမှာ။ အလုပ်မှာ ပျော်နေမှ ကြီးပွားတိုးတက်မှာ။"

"အလုပ်တိုင်းတော့ မဟုတ်လောက်ပါဘူးဗျာ"

"ဘယ်နှယ် မဟုတ်ရမှာလဲ"

"ကျွန်တော်က ကိုယ်တွေ့ဗျ။ ကြိုက်တဲ့အလုပ် နှစ်သက်တဲ့အလုပ်လုပ်မိလို့ ဒုက္ခဖြစ်နေတာ"

"မင်းက ဘာများလုပ်ခဲ့လို့လဲ၊ အချိန်ပြည့်မှုးရှုးနေပြီး"

"အရက်ဆိုင်ဖွင့်ခဲ့တာလေ"

☺ ☺ ☺







## ရှက်သင့်ပါတယ်

"မောင် အဓောက အမူးသမားတွေ အိမ်ရှေ့မှာလာပြီး အော်ကြဟစ်ကြနဲ့။ ကျွန်မတော့ ရှက်လိုက်တာ မပြောနဲ့တော့"

"မူးပြီး အော်ကြတာပဲကွာ။ အော်တဲ့သူတွေသာ ရှက်ဖို့ကောင်းတာပါ"

"သူတို့က မောင် ရောင်းတဲ့အရက်တွေက ရေရောတွေ၊ အတုတွေ။ ပက်ချိန်လည်းမပြည့်ဘူးဆိုပြီး အော်နေကြတာမောင်ရဲ့"

☺ ☺ ☺



## ကြော် ခင်ဗျားက

"လူဆိုတာ ရလေ လိုလေပဲဗျ။ လောဘကို မထိန်းနိုင်ကြဘူး။ ကျုပ်ကတော့ အဲဒီစာရင်းထဲမှာ မပါဘူး"

ဝမ်းသာလိုက်တာဗျာ တွေ့ရတာ။နတ်ဆိုတာကို အရှင်လတ်လတ်တွေ့ဖူးမယ် မထင်ခဲ့မိဘူး"

☺ ☺ ☺



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာနဲ့

"မင်းက ဘာလို့များ အရက်ဆိုင် ဖွင့်ချင်ရတာလဲကွာ။ ကိုယ့်အရပ်ထဲက လူငယ်လေးတွေ အလွယ်ဝယ် သောက်လို့ရရင် သောက်ကုန်ကြတော့မှာပဲ"

"သူများအရပ်က လာဖွင့်ရင် ပိုဆိုးမှာပေါ့ဗျ။ မျက်နှာသိဆိုတော့ ရှက်ပြီး လာမသောက်မှာတွေ ရှိနိုင်တယ်ဗျ"

☺ ☺ ☺



## ကျွဲသင့်ငွေ လက်ရေး

သားဖြစ်သူ ဆေးတက္ကသိုလ်ရတော့မယ်ဆိုတော့ ဖခင်ဖြစ်သူက

"ဆရာဝန်ဖြစ်ရင် လက်ရေးတွေက ဖတ်မရအောင် ဖြစ်ကုန်ရော"

"ဆေးရောင်းတဲ့ လူတွေကတော့ ဖတ်တတ်ပါတယ်"

"ဒါဖြင့်လည်း နှစ်မျိုးရေးတတ်အောင်ကျင့်ကွာ။ လူနာတွေဖတ်ဖို့တော့ ရှင်းရှင်းရေး"

☺ ☺ ☺





## ပူးတွဲချွန်းပီယံ

အထူးကုဆေးခန်းတစ်ခုမှာ

မှာ ကျွန်တော် ကြောက်တတ်လို့ ငွေကုန်ချင်ကုန်ဆိုပြီး ဒီမှာလာခဲ့တာ။ ဒါ ပထမဆုံးအတွေ့အကြုံပဲ။

ရာဝန် ခံစားမှုချင်း အတူတူပါပဲဗျာ။

☺ ☺ ☺



## တို့တ ဘာနဲ့ဓားမှာလဲ

"ယူသွားပါရှင် အရင်းနဲ့ပေးက်ပါ့မယ်။ ဖောက်သည်ဖြစ်ချင်လို့ပါ"

အဲသလို ဈေးရောင်းနေတာကိုင့်ကြည့်နေတဲ့ သူ့အဖေက -

"ဟဲ့ သမီး။ ဘယ်နယ့် ဒီနေ့စ်နေကုန် လာဝယ်သမျှလူကိုမြတ်မယူဘဲ အရင်းနဲ့ချည်းရောင်းနေတာလဲ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## တက်သလားမမေးနဲ့

"ကား လိုနေတယ်ပြောလို့"

"ဟုတ်ပါတယ်"

"ဒီကား ရောင်းမှာပဲ။ အင်ဂျင် ပါဝါစိတ်ချ။ ဆွဲအားကတော့ ကောင်းသလားမမေးနဲ့။ ဘယ်လောက်မတ်တဲ့တောင်ဖြစ်ဖြစ် အသာလေးတက်နိုင်တယ်"

"အဲဒါဆိုရင်တော့ စဉ်းစားဦးမယ်ကွာ။ ငါက သစ်ပင်တက်တဲ့ကား စီးဖူးထားလို့"

☺ ☺ ☺



## မပူနဲ့

ပွဲစားတစ်ယောက်က ကလေးတွေ ကျောင်းပိတ်ရက် မိသားစု အပန်းဖြေခရီးထွက်ရာက ပြန်လာတော့ ကားဝိုင်းကို ရောက်လာပြီး -

"ကျွန်တော် ခရီးထွက်နေတုန်း ဘယ်သူတွေ ခံရသေးသလဲ"

"မင်းမရှိတော့ ဘယ်သူမှ မခံရပါဘူးကွာ"

☺ ☺ ☺







## မရှိတဲ့ဝန်ဆောင်မှု

ဟိုတယ်မှာ တည်းခိုနေတဲ့ လူကြီးတစ်ယောက်က

"အခန်းပြောင်းချင်လို့"


"အခန်းလွတ် မရှိသေးပါဘူး ခင်ဗျာ။ ဒီအခန်းမှာ ဘာများလိုအပ်ချက်ရှိနေလို့ပါလိမ့်"

"ဝန်ဆောင်မှု အပြည့်မရတော့ ကျုပ်အတွက်နစ်နာနေလို့ပါ"

"ပြောပါခင်ဗျာ"

"ရှုခင်းမမြင်ရဘူးဗျာ။ ပြူတင်းပေါက်နဲ့ တည့်တည့်က သစ်ပင်ကို ခုတ်ပေးပါလား"

☺ ☺ ☺



## လက်ကျန်

"ခင်ဗျားက ခု ဘာလုပ်သလဲ"

"အကြံပေးပေါ့ကွာ။ အတိုင်ပင်ခံလို့ပြောလည်းရတယ်"

"ဘယ်လို စိတ်ကူးရပြီး ဒီအလုပ်လုပ်တာလဲ"

"ရောင်းစားစရာ ကုန်ပြီလေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## လိမ်ဆိုပဲ ရှုပ်တော့ပါ

စီးပွားရေးလုပ်ငန်းတစ်ခုမှာ ငွေကြေးအရှုပ်အရှင်းပြဿနာဖြစ်ပြီး တရားရုံးရောက်လာကြတဲ့ အမှုတစ်ခုမှာ –

"တရားသူကြီးခင်ဗျာ သူ လိမ်ပြောတာပါ"

"သူ လိမ်ပြောတယ်ဆိုတာကို ဘယ်လို သက်သေပြမလဲ"

"သူ ပြောတုန်းက နှုတ်ခမ်းလှုပ်သွားပါတယ်"

☺ ☺ ☺



## မီခဉ်ပုတ

"မင်းတစ်ယောက်တည်း အေးအေးဆေးဆေး အနားယူဖို့ လိုအပ်တယ်လို့ပြောလိုက်တယ်ဆို ဆရာဝန်က"

"အင်း"

"ဒီတစ်ခါတော့ မင်း ငွေမကုန်ချင်လို့ မရတော့ဘူးပေါ့"

"ငါ့မိန်းမနဲ့ ကလေးတွေကို ယောက္ခမကြီးအိမ် ပို့လိုက်ပြီလေ"

☺ ☺ ☺





## ညစာစားပွဲ စကားဝိုင်း

| | |
|---|---|
| ဆရာဝန် | အစားအသောက်ကို ဆင်ခြင်သင့်တယ်ဗျ။ |
| ကုန်သည် | ပွဲစားကြီးကို သဘောပေါက်အောင် ပြောပြပါဆရာ။ |
| ပွဲစား | ကျွန်တော်က ညှိခံသူရှိမှ စားဖြစ်တာပါဗျာ။ |
| ရှေ့နေ | ညှိခံသူက တစ်လမှာ ဘယ်နှစ်ယောက်ရှိသလဲ။ |
| အမြတ်ခွန် | ကျွန်တော်နဲ့တော့ ပွဲစားကြီးနဲ့ အမြဲဆုံနေတာပဲ။ |
| ရှေ့နေ | ဒါဆို တစ်လမှာ ရက်သုံးဆယ်ပေါ့၊ နောက်ထပ်သက်သေတစ်ယောက်ရှိရင်တော့ အတည်ပြုလို့ရပြီ။ |
| တရားသူကြီး | ကျွန်တော် မြင်ပါတယ်။ |



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ကျူးဓာတ်ရောဂါ

ည သန်းခေါင်ကျော် နှစ်နာရီ လောက်မှာလူနာက ဆရာဝန်ကြီးကို

"ကျွန်တော် လုံးဝ အိပ်မပျော် ဘူးဖြစ်နေတယ်ဆရာ"

"ခင်ဗျားရောဂါတွေ အားလုံး ပျောက်နေပြီပဲ၊ နက်ဖြန်ဆို ဆင်းရ တော့မှာ။ ဘာလို့ အိပ်မပျော်တာလဲ"



"အိပ်ယာမဝင်ခင်လေးမှာ ကုန် ကျစရိတ် စာရင်းရလို့ပါ။ ကျွန်တော့် မှာက ရောဂါပျောက်ချင်လို့သာ တက်ကုလိုက်ရတာ ပေးစရာက ရှိ တာမဟုတ်ဘူးခင်ဗျ။ ကျွန်တော် ဘယ်လိုလုပ် အိပ်နိုင်ပါ့မလဲ"

ဆရာဝန်ကြီးက စဉ်းစားလိုက်ပြီး

"ခင်ဗျားဘာလို့ ခုလို ပြောရ တာလဲခင်ဗျာ။ ကျုပ်လည်း အိပ်နိုင် မယ် မထင်တော့ဘူး"

☺ ☺ ☺



## သူ့နေရာနဲ့သူ

ဆရာဝန်ကို သူရဲ့ဇနီးက

"ရှင့်ရဲ့နှလုံးသားတွေ၊ စေတနာ တွေကို ဆေးကုနေတဲ့အချိန်မှာပဲ ပေါ့။ နေရာတကာ မသုံးပါနဲ့။"

"ငါက ဘယ်နေရာတွေ သုံးနေ လို့လဲ"

"ဆေးဖိုးတောင်းကာနီးလေ။ ဒီအချိန်သုံးရမှာက ခေါင်းရှင့်"

☺ ☺ ☺



## ကြော်ငြာ

"ရုံတော်ကြီးက ကိန်းကြည် ဂ်ဆွဲ သိပ်ကောင်းတာပဲ"

"မင်းက စားဖူးလို့လား"

"ကြားဖူးတာ"

"ဘယ်သူက ပြောတာလဲ။ မင်း ကလား"

"ငါ့အဖေကို သူများကပြောတာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဖြချင်လို့

"မောင် အသောက်အစား လောင်းကစားတော့ ကင်းစေချင်တယ်။ ဒါမှ စီးပွားတိုးတက်မှာ"

လို့ မကြာခဏအပြောခံနေရတဲ့ ကိုရင်မောင်ဟာ တစ်ရက်မှာ တောင်းနေတဲ့လူတစ်ယောက်နဲ့ ဆုံမိတော့

"ကျွန်တော့်ကို ငွေတစ်ဆယ်လောက် ကူညီပါ"

"အင်း ကူညီဖို့မှာတော့ မပင်ပန်းပါဘူး။ ဒါနဲ့ မင်း အရက်သောက်တတ်သလား"

"မသောက်တတ်ပါဘူးခင်ဗျာ။ ဘယ်တုန်းကမှ မသောက်ဖူးပါဘူး"

" လောင်းကစားရော လုပ်သလား"

"မလုပ်ပါဘူးခင်ဗျာ၊ လုံးဝကို မကစားတတ်တာပါ"

"ဒါဖြင့် မင်း ငါနဲ့ ခဏလိုက်ခဲ့ပါလား။ ဖလိုဖြစ်နေတာ ငါ့မိန်းမနဲ့ တွေ့ပေးချင်လို့"

☺ ☺ ☺







## ယုံပါ

လောင်းကစားသမားတစ်ဦးဟာ မကြာခဏ သူ့အသိတွေဆီ ငွေချေးရလေ့ရှိတယ်။ ဒီတော့ သူ့ကို ဘယ်သူကမှ မယုံဘူး။ ငွေလည်း မချေးချင်ဘူး။ တစ်ရက်မှာတော့ သူ့ မိန်းမဆေးရုံတင်ရလို့ ငွေလိုတာနဲ့ သူ့သူငယ်ချင်းတစ်ယောက်ဆီသွားပြီး ငွေချေးတော့ –


"မင်း ကစားဖို့မဟုတ်လား"

"တကယ်ပြောတာပါကွာ။ ငါ့မိန်းမ ဆေးရုံတင်ရလို့ပါ"

"မင်းစကား ယုံဖို့ခက်နေတယ်"

"ကစားဖို့ငွေက ရှိပါတယ်ကွာ ဒီမှာ"

☺ ☺ ☺



## အားလုံးသူသိတယ်

| | |
|---|---|
| ပွဲစားကြီး | ခင်ဗျားက ခင်ဗျားမိန်းမကို အားလုံး ပြောပြတာပဲလား။ |
| ကုန်သည်ကြီး | ပြောဖို့မလိုပါဘူးဗျာ။ |

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဒါလေးများ

ဆရာဝန်သူငယ်ချင်း နှစ်ယောက်ဆုံတော့

"ငါ့ဆေးခန်း လူနာဖောက်သည်တွေ မလာတော့ဘူးကွာ"

"ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်ရှိပြီ"

"အဲဒီ တစ်လလောက်က ဘာဖြစ်ဖူးသလဲ၊ ဆေးခန်းမှာပေါ့ကွာ၊ လူနာတွေနဲ့ပတ်သက်ပြီး ထူးထူးခြားခြား"



"လူနာတစ်ယောက်ကိုတော့ ငါပြောဖို့မေ့နေတဲ့ အရေးကြီးစကားကို ငါးရက်လောက်နောက်ကျပြီးမှပြောလိုက်ရတယ်။ မေ့တဲ့အတွက်လည်း တောင်းပန်လိုက်ရတယ်"

"ဘာစကားလဲ"

"ငါက သူ့ရောဂါကို စစ်ဆေးပြီး ၂၄ နာရီအတွင်း သေမယ်ဆိုတာ သိတယ်ကွာ၊ အဲဒါ ပြောဖို့မေ့နေတာနဲ့ ငါးရက်လောက်နောက်ကျပြီးမှ ပြောလိုက်ရတယ်။ သူ့ကို"

☺ ☺ ☺





## ဖွင့်ဖို့မှ

တစ်ခါက မှောင်ရိပ်ကျတဲ့ လမ်းကြားမှာ လျှောက်ဝင်လာတဲ့ လူတစ်ယောက်ကို လူဆိုးလေးယောက်က ရိုက်လုကြတယ်။ အရိုက်ခံရတဲ့လူက အပြင်းအထန် ခုခံနေလို့ အတင်းဝင်းပူးလုံးပြီး ဝိုင်းဖိကြရတယ်။ ဝိုင်းဖိချုပ်ထားလို့ရတော့ လူဆိုးတစ်ယောက်က သူ့အိတ်ထဲကို ရှာလိုက်တော့ ငွေနှစ်ဆယ်တွေ့ရသတဲ့။ ဒီတော့



"ခင်ဗျားဗျာ ငွေလေးနှစ်ဆယ်တည်းနဲ့များ အပြင်းအထန်ခုခံနေရတယ်လို့"

ဆိုပြီး လူဆိုးတစ်ယောက်က စိတ်ပျက်လက်ပျက်ပြောတော့ အလုခံရတဲ့လူက

"မင်းတို့လိုချင်တာက အဲဒီ ငွေနှစ်ဆယ်တည်းဆိုရင် အလကား နုခ်ပါ့မလားကွ။ ခြေအိတ်ထဲထည့်ယူလာတဲ့ ငွေတစ်သိန်းကို လိုချင်တာ စိုးတာကိုး"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဘယ်ဟာက ပိုအရေးကြီးသလဲ

လူကြီးမင်းခင်ဗျား

ကျွန်တော်တို့ ကုမ္ပဏီသည် လစဉ်အမြတ်ငွေ ၃၀ရာနှုန်းတိုးတက်ခဲ့သော်လည်း ယခုလတွင်မူ နှစ်ရာနှုန်း အရှုံးပြနေသည်ကို နားလည်ခွင့်လွှတ်ပေးပါရန်။

ဒါရိုက်တာအဖွဲ့



အဲဒီစာကို စားပွဲပေါ်တင်ပြီး

"ဘာလို့ ဒီစာကို ကျွန်တော့်စနိုးဆီပို့လိုက်ရတာလဲ"

ရှုံးတယ်ဆိုတာမျိုးကို စနိုးတွေရဲ့ နားလည်ခွင့်လွှတ်လက်ခံနိုင်မှုရဖို့က အရေးကြီးတယ်ထင်လို့ပါ"

"မြတ်နေတဲ့လတွေတုန်းက သူ့ကို အသိမပေးခဲ့တာကိုသူသိသွားတာ အရေးကြီးတယ် မထင်ဘူးလား"

☺ ☺ ☺





## ပြေးမလွတ်

သူဖြူရင် ငါမဲ

သူမဲရင် ငါဖြူ

ဆိုသလို ဘယ်အရာမှ အမြင်ချင်းမတူတဲ့ သူငယ်ချင်းနှစ်ယောက်ဆုံမိတော့

"မင်းနဲ့ငါ စီးပွားရေးတွဲလုပ်ရအောင်လား"

"ဖြစ်ပါ့မလား သူငယ်ချင်းရာ"

"ဘာလို့မဖြစ်ရမှာလဲ။ တို့နှစ်ယောက်တွဲလုပ်ရင် တစ်နည်းမဟုတ် တစ်နည်း အောင်မြင်မှာသေချာတယ်ကွ"



☺ ☺ ☺

## နွယ်ရဲ့ဆို

"မင်းရဲ့ စိတ်ကူးတွေက ကောင်းပါတယ်။ နည်းမျိုးစုံနဲ့ ငွေလည်းရှာတတ်တယ်။ ဒါနဲ့များ ဘာလို့ မကြီးပွားရတာလဲ"

"စိတ်ကူးကောင်းကောင်းနဲ့ ငွေသုံးဖို့ရော၊ ငွေဖြုန်းဖို့ရော တတ်နေလို့ပေါ့ကွာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်နိုင်ခြေ

ငွေရှာနည်း ၅၀၀ စာအုပ်ကို ဖတ်နေတဲ့လူက

"ဒီအထဲက နည်းတွေက အလုပ် မဖြစ်ဘူးကွာ"

"တော့်သူငယ်ချင်းကတော့ ၅၀၁ နည်း သိပုံရတယ်"

"မင်း ဘယ်သူကပြောသလဲ"

"သူ အလုပ်ဖြစ်နေတယ်လေ"

☺ ☺ ☺



## နားလို့ရတယ်လေ

အရောင်းကြီးကြပ်ရေးမှူးက သူ့ လက်အောက်က ဝန်ထမ်းတွေကို

"တို့ လာမယ့်သောကြာနေ့မှာ ပျော်ပွဲစားထွက်မယ်ဟေ့"

"မနက်နေ့ကျာက နွှင့်ပြုပါမလား ဆရာ"

"လာမယ့်သောကြာနေ့မှာ ဆရာ ဝန်က ခွဲစိတ်ခန်း ဝင်ရမယ်လို့ သူ့ ကိုပြောလိုက်သတဲ့"

☺ ☺ ☺





## စောင့်ရမယ့်အချိန်

ဟိုတယ်ကြီးရဲ့စားသောက်ခန်း အတွင်းမှာ

စည့်သည် လာပါဦး၊ ဘဲကင် တစ်ခြမ်းမှာထားတာ ဘယ်လောက် ကြာကြာ စောင့်ရမှာလဲ။

စားပွဲထိုး နောက် ဘဲကင်တစ်ခြမ်း မှာတဲ့သူ လာတဲ့အထိပါ ခင်ဗျာ၊ ဘဲကို တစ်ခြမ်း ထဲသတ်ဖို့ ခက်လို့ပါ။

☺ ☺ ☺



## နှစ်တိုယာဉ်

"ငါ့မိန်းမက ငွေမသုံးတတ်ဘူး ကွာ။ ငါဘယ်လောက်ရှာပေးပေး"

"ဟန်ကျတာပေါ့။ ခု ဘယ် တုန်း"

"ဈေးကို၊ ဟင်းချက်စရာ သွား ဝယ်မလို့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အစစ်တွေက ဇနီးသိမှာ

ဟိုတယ်ပိုင်ရှင် သူဌေးကြီးအနားတို့ ဟိုတယ်မှာတည်းခိုနေတဲ့ မိန်းကလေးက ကပ်လာပြီး

"ကျွန်မမြင်ဖူးသမျှ လူကြီးလူကောင်းတွေထဲမှာတော့အန်ကယ်ကြီးက အခန့်ဆုံးပါပဲရှင်။ သွားလေးတွေက ပုလဲလိုပဲ၊ နှုတ်ခမ်းက ပတ္တမြားလိုပဲ၊ မျက်လုံးတွေ အရောင်တောက်နေပုံက တကယ့်စိန်ပါပဲရှင်"

"အရိပ်တွေက နုထိ မပျောက်သေးတာ နေမှာကွယ့်"

☺ ☺ ☺



## ရှင်းတမ်း

"မနက်က ငါပေးလိုက်တဲ့ ငွေကုန်ပြီလား"

"ကုန်တာက မနေ့က ကတည်းကလေ"

☺ ☺ ☺





## ငိုင်လောက်တယ်

ရုံးခန်းထဲမှာ ခပ်ငိုင်ငိုင်ထိုင်နေတဲ့ သူဌေးနားကို စက္ကရီထေရီက ကပ်လာပြီး

"ဘာများ အမှားအယွင်းရှိနေလို့လဲ"

"စိတ်မချမ်းသာစရာ သတင်းရောက်လို့ပါကွာ"

"ဘာများလဲ ဘယ်ကလဲ"

"ငါ့မိန်းမဆီကပါ၊ သူ့အမေဆီသွားနေတာ နက်ဖြန်ပြန်လာမယ်တဲ့"

☺ ☺ ☺



## မရှိမဖြစ် ထေရီ

"မောင့် ဒီနေ့ အလုပ်က ပြန်တာ စောသောပဲ"

"စက္ကထေရီက ခွင့်ယူထားတယ်လေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဒုပဲ ပြောပါ့မယ်

အလွန်ကြွားချင်တဲ့ သူဌေးပေါက်စလေးက သူ့မိတ်ဆွေတွေနဲ့ ဟိုတယ်မှာ စားသောက်ပြီးတော့ စားပွဲထိုးကို

"မင်းကို မုန့်ဖိုးပေးတာ အများဆုံးဘယ်လောက်ရဖူးသလဲ"

"နှစ်ထောင်ပါခင်ဗျာ"

"ရော့ ငါက လေးထောင်ပေးမယ်။ နှစ်ထောင်ပေးတဲ့လူလာရင် ပြောလိုက် သူဌေးဦးရွှေစိန်က လေးထောင်ပေးတယ်လို့"

"နှစ်ထောင်ပေးသွားတာ ဆရာပဲလေ။ ပြီးခဲ့တဲ့အခေါက်က"

☺ ☺ ☺

## ရွှေလား

"စိတ်ချမ်းသာမှုကို ငွေနဲ့ဝယ်လို့ မရပါဘူးကွာ။

"သူတို့က ဘာနဲ့မှ ရောင်းမှာလဲ"

☺ ☺ ☺







## ကံကောင်းတဲ့ ဟိုတယ်


ဟိုတယ်ကြီးတစ်ခုအတွင်းကို တည်းခိုဖို့ဝင်လာတဲ့ ဧည့်သည်ကို

"ကြွပါခင်ဗျာ။ ကြိုဆိုပါတယ်။ လူကြီးမင်းအတွက် အစစအရာရာ အဆင်ပြေရပါစေမယ်။ ဒီမြို့မှာ ဟိုတယ်ငါးခုရှိတဲ့အနက် ကျွန်တော်တို့ ဟိုတယ်ရဲ့ ဝန်ဆောင်မှုဟာ ဒုတိယရရှိထားပါတယ်"

"ဟုတ်လား။ ဒါနဲ့ ပထမကို ဘယ်ဟိုတယ်က ရသွားသလဲ"

"ကျန်တဲ့လေးခုက ပူးတွဲရရှိသွားပါတယ်ခင်ဗျာ"

☺ ☺ ☺



## နားပူမယ်လေ

"တော် မှန်မှန်ပြောစမ်း။ တော့် အတွင်းရေးမှူးမလေးကို စိတ်ဝင်စားနေတယ်မဟုတ်လား"

"အဓိပ္ပါယ်မရှိတာ။ အဲဒီ ကောင်မလေးက ဘာသာစကားလေး မျိုးလောက်တတ်တယ်ကွ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဒီတစ်ခါ ဝယ်သူမှားတယ်

ကုန်တိုက်ကြီးတစ်ခုရဲ့ အရောင်းကောင်တာမှာ ဝယ်သူနဲ့ရောင်းသူ စကားများနေကြတော့ မန်နေဂျာက ရောက်လာပြီး အရောင်းစျေးသည်ကို

"ခုရပ်စမ်း။ ဆက်မပြောနဲ့။ ဝယ်သူကို တောင်းပန်လိုက်ပါ"

"ဆရာ မတောင်းပန်ပါရစေနဲ့"

"ဝယ်သူက အမြဲမှန်တယ်ဆိုတဲ့ စကားကို နားမလည်ဘူးလား"

"သူက မင်းတို့မန်နေဂျာ အသုံးမကျဘူး။ ခေါင်းကအနှံ့ပဲ။ စဉ်းစားဉာဏ်မရှိဘူး။ အရည်အချင်းမရှိဘူးနဲ့ ပြောနေတာ ဆရာ"

☺ ☺ ☺





## ရှုးတိုးတိုး

ဆံပင်ညှပ်ဖို့ ဝင်လာတဲ့သူက ဆံသဆရာရဲ့ လက်ကိုကြည့်ပြီး

"ခင်ဗျားလက်ကလည်း ညစ်ပတ်လိုက်တာဗျာ။ လုပ်ရတဲ့အလုပ်က သူများခေါင်းကိုင်ရတဲ့အလုပ်။ သန့်သန့်ရှင်းရှင်းနေမှပေါ့။"

ဒီတော့ ဆံသဆရာက ပြုံးပြီး

"ဒီမနက် ခေါင်းလျှော်မယ့်သူ မလာသေးလို့ပါဗျာ"

☺ ☺ ☺



## ကူညီမယ်လေဗျာ

အိပ်နေတဲ့ အလုပ်သမား တစ်ယောက်ကိုတွေ့လို့ မန်နေဂျာက

"ထစမ်း မင်းကို အိပ်ဖို့ ငွေပေးထားတယ်မှတ်နေသလား။ အလုပ်လုပ်ဖို့ ငွေပေးထားတာကွ"

"သိပါတယ်ခင်ဗျာ။ အိပ်တဲ့အတွက်လည်း ထပ်မတောင်းပါဘူး"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



### ထိုတယ်ရဲ့ စားသောက်ခန်းကြီးထဲမှာ

ဧည့်သည် လာပါဦးကွ။ ငါမှာ ထားတာ အတော်ကို ကြာပြီ။

စားပွဲထိုး သည်းခံပြီး စောင့်ပါ ခင်ဗျာ။

ဧည့်သည် မြန်မယ့်ဟာသာ ယူခဲ့တော့ကွာ။

စားပွဲထိုး အဲသလိုဆို ပိုကြာပါမယ်ခင်ဗျာ။ အားလုံးကလည်း အဲသလို မှာထားလို့ပါ။

☺ ☺ ☺



### မင်းအားမရှာ

"အရာရာကို ငွေနဲ့ဝယ်လို့မရပါဘူး"

"မှန်လိုက်လေ ငါတူရယ်၊ မင်းဆက်မှတ်လို့ရအောင် ပြောရဦးမယ် ငွေနဲ့မဝယ်ဘဲလည်း အရာရာကို မရပါဘူးကွာ။

☺ ☺ ☺





### ဒါဆိုလက်ခံပါတယ်

တည်းခိုခန်းမှာ တည်းခိုရမယ့် ဧည့်သည်က သူနေရမယ့်အခန်းကို ကြည့်ပြီး

"အကာတွေ နံရံတွေကလည်း ပါးလိုက်တာကွာ။ ဟိုဘက်ဒီဘက် ဒိုးယိုပေါက်မြင်ရနိုင်တယ်"

ဒီတော့ မန်နေဂျာက

"ဟုတ်ကဲ့ ဒါကြောင့် ပြူတင်းပေါက် သီးခြားဖောက်တော့တာပါ ခင်ဗျာ"

☺ ☺ ☺



### နားလည်မှု

ပွဲစား ကျွန်တော် ခင်ဗျား အကြောင်း လိမ်မပြောပါဘူး။

ကုန်သည် စိတ်ချပါ။ ငါက လည်း မင်းအကြောင်း၊ အမှန်အတိုင်း မပြောပါဘူး။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## တိုက်ဆိုင်ပုံက

ထမင်းဆိုင်မှာ ထမင်းဝင်စားတဲ့သူက ကြက်သားဟင်းက မာနေလို့ မကျေမနပ်ဖြစ်ပြီး

ညွှန်သည် လာစမ်းပါဦးကွ။ မင်းတို့ဆိုင်ရှင်ကို ခဏခေါ်ပေးစမ်းပါ။

စားပွဲထိုး ဘာကိစ္စ ရှိလို့ပါလဲခင်ဗျာ။ ဘယ်လို ပြောခေါ်ရမလဲ"

ညွှန်သည် ကြက်သားဟင်း အမြည်းနိုင်းမလို့။

စားပွဲထိုး ကျွန်တော်တို့ ဆရာက ဒီနေ့ သက်သတ်လွတ်စားတဲ့နေ့ပါခင်ဗျာ"

☺ ☺ ☺



## ဝတယ်လို့မှ မရနိုင်ဘဲ

"ဖက်ရင်ရှိုး မသွားဘူးလား"
"ငါတို့က ဝတယ်လေ"

☺ ☺ ☺





## ပြောသားပဲ

ဟိုတယ်မှာ တည်းခိုနေသူက သူ့အခန်း မိုးယိုနေတဲ့အတွက် မန်နေဂျာဆီလာပြီး

"မိုးယိုနေတယ်ကွ"

"အခန်းတိုင်းပါပဲခင်ဗျာ"

"မင်းတို့လုပ်ပုံ မဟုတ်သေးပါဘူး။ ကိုယ့်ဆီလာတဲ့ညွှန်သည်တွေအပေါ် ဘယ်လိုသဘောထားသလဲ"

"လေးစားပါတယ်ခင်ဗျာ။ ဒါကြောင့် ကျွန်တော်တို့ ဟိုတယ်ရဲ့ကြော်ငြာမှာ ပွင့်လင်းတဲ့ရာသီဥတုမှာ စိတ်ချမ်းသာစေရပါမယ်လို့ ရေးထားတာပါ။

☺ ☺ ☺



## ပြဿနာတူ

"ငွေမရှိလို့ ချေးရ ငှားရတာလောက် စိတ်ညစ်စရာကောင်းတာ မရှိတော့ဘူးကွာ"

"ငွေရှိတဲ့လူလည်း အဲသလိုပါပဲ သူငယ်ချင်းရာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ရတာမလို လိုတာမရ

"စိတ်ညစ်တယ်ကွာ။ ငါ့မိန်းမက ပစ္စည်းတစ်ခု ဝယ်တော့မယ်ဆိုရင် ဈေးချောင်မှ သက်သာမှ ဝယ်ချင်တာ"

"အဲဒါကောင်းတာပေါ့"

"ဘာကောင်းရမှာလဲ။ ဘယ်နား သုံးရမှန်းမသိတာတွေ တန်လို့ဆိုပြီး ဝယ်ထားတာ တစ်ပုံကြီးပဲကွ"



☺ ☺ ☺

## သုံးသာသုံး

"မလွန်လွန်ဘူးလားကွာ။အဝတ်အစားဝေါ်သမျှ အသစ်အဆန်းတွေ ဝယ်၊ ဆံပင် မိတ်ကပ်အလှပြင်ဆိုင်ကို နေ့စဉ်လောက်သွား၊ မင်းရဲ့အသုံးစရိတ်က အိမ်အတွက်အသုံးစရိတ်ထက် သုံးလေးဆများနေပြီ"

"ဒါတွေက မောင့်အတွက် သုံးနေရတာပါနော်"

☺ ☺ ☺





## မေးမိမောင်မှား

"မီးဖိုချောင်အသုံးစရိတ်ကို ချွေတာစမ်းကွာ။ ဒီနေ့ ဘာတွေ ချက်လို့ ပိုကုန်ရတာလဲ"

"ဟင်းကတော့ မနေ့ကအတိုင်းပဲ မောင်"

☺ ☺ ☺

## စိတ်ပင်ပန်းတယ်လေ



"ငွေကို လိုချင်ရင် အပင်ပန်းခံရမှာပေါ့ကွာ။ လွယ်လွယ်နဲ့ အချောင်လိုချင်လို့တော့ ဘယ်ရပါ့မလဲ"

"ကျွန်တော်လည်း အတတ်နိုင်ဆုံး အပင်ပန်းခံနေတာပါပဲဗျာ"

"ငါ့သမီးကပြောတော့ မင်းက ဘာမှမလုပ်ဘူးဆို။ ဒီအတိုင်း ထိုင်စားနေတာလို့ ပြောပါလား"

"တစ်နေ့မှာ ခုလိုပြောဆိုတာ ခံရလိမ့်မယ်ဆိုတာ ကြိုသိနေပါတယ် ခင်ဗျာ။ ထိုင်စားနေရတာဟာ လူသာ မပင်ပန်းတာပါခင်ဗျာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဝမ်းနည်းအားသင့်ပါတယ်

ကုမ္ပဏီပိုင်ရှင် သူဌေးကြီးတစ်ယောက်ကွယ်လွန်တော့အလုပ်သမားတစ်ယောက်က ရှိုက်ကြီးတငင်ငိုသတဲ့။ ဒီတော့ သူ့နားမှာရှိတဲ့ စည်သည်က –

"ခင်ဗျားနဲ့ အမျိုးတော်သလား။ ဘယ်လိုပတ်သက်တာလဲ"

"ဘယ်လိုမှ မပတ်သက်လို့ ငိုနေတာပေါ့ဗျာ"

☺ ☺ ☺



## ငွေဆိုတာ

"ငွေဆိုတာ သုံးရင်ကုန်တာပဲ။ မသုံးရင် မကုန်ဘူးကွ"

"မသုံးလည်း ကုန်စရာရှိရင် ကုန်တာပါပဲမောင်ရယ်"

"မသုံးပဲနဲ့တော့ ဘယ်လိုလုပ်ကုန်မှာလဲကွ"

"စိတ်မဆိုးနဲ့နော်။ မနေ့က မောင်ပေးတဲ့ငွေ ကျပျောက်သွားလို့"

☺ ☺ ☺





## ကိုယ့်ရိုးကိုယ်ရှာမိခြင်း

"တို့ အသုံးစရိတ်ကို ချွေတာရအောင်ကွာ"

"အိမ်အသုံးစရိတ်က ခုထက်ပို ချွေတာလို့ မရတော့ဘူးမောင်၊ တခြားနည်း စဉ်းစားပါဦးမောင်ရယ်၊ ဝင်ငွေပိုရအောင် ရှာမယ်ဆိုတာမျိုးပေါ့"

☺ ☺ ☺

## အိပ်ချိန်



"မင်းတစ်ရက်ကို ဘယ်နှစ်နာရီ အလုပ် လုပ်သလဲ"

"၂၄နာရီပါခင်ဗျာ"

"ဟ တစ်နေ့ကုန်လုပ်တယ်ဆိုရင်ထားပါတော့။ နေ့ရော ညရော လုပ်တယ်ဆိုတော့ ဘယ်အချိန် အိပ်သလဲ"

"ညအလုပ်က ကင်းစောင့်ရတာပါခင်ဗျာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ခွဲခြားမေးပါ

"မင်း တစ်နေ့မှာ ဘယ်လောက် သုံးသလဲ"

"လက်ငင်းလား အကြွေးလား"

☺ ☺ ☺

## အဆင်ပြေအောင်

ကုမ္ပဏီတစ်ခုရဲ့ အစည်းအဝေးမှာ – မန်နေဂျာတစ်ယောက်က

"ကျွန်တော်တစ်ခု အကြံပြုတင်ပြပါရစေ"

"ပြောပါ"

"ကျွန်တော်တို့ ကုမ္ပဏီရဲ့အလုပ်ချိန်ကို ညပိုင်းပြောင်းသင့်ပါတယ်"

"ဘာလို့လဲ"

"ဝန်ထမ်းအတော်များများဟာ ညအလုပ်လုပ်ရတာကို ဝါသနာပါပုံရလို့ပါ"

"ဘယ်လိုလုပ်သိသလဲ"

"အလုပ်ခွင်ထဲမှာ အိပ်သူအိပ်၊ ငိုက်သူငိုက်ဖြစ်နေလို့ မေးလိုက်ရင် ညမှာ အလုပ်လုပ်နေသေးလို့ဆိုပြီး ဖြေကြလို့ပါ"



☺ ☺ ☺





## ဘာဖြေဘာလူ

"ဘာလို့ရုံးတက်ချိန် တစ်နာရီ နောက်ကျရတာလဲ"

"ကီစ္စရှိလို့ လာမယ့်သူတွေက လည်း တစ်နာရီလောက် နောက်ကျပြီးမှ လာကြလို့ပါ"



☺ ☺ ☺

## ကဲသိပြီလား

"မင်းဦးလေး ဆုံးသွားတာ မင်းအမွေ သိန်းနှစ်ဆယ်ရလိုက်တယ်ဆို"

"စိတ်ညစ်လွန်းလို့ မမေးစမ်းပါနဲ့ကွာ"

"ဦးလေးအငယ်ဆုံးတုန်း ကလည်း သိန်းသုံးဆယ် အမွေရတယ်ဆို"

"မမေးပါနဲ့လို့ဆိုမှ"

"အမွေရတာ စိတ်ညစ်စရာလားကွာ"

"ဦးလေး နှစ်ယောက်တည်းရှိလို့ပေါ့ကွာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com




## တန်အောင်လို့

"ဘာလို့နောက်ကျရတာလဲ။ အချိန်ဟာ တန်ဖိုးရှိတယ်ကွ"

"ဆရာ့အတွက် အချိန်ဟာတန်ဖိုးရှိသလို ကျွန်တော်တို့ရဲ့အချိန် ကလည်း တန်ဖိုးရှိလို့ပါခင်ဗျာ"

☺ ☺ ☺



## မိတ်ချွတ်

"မင်းက လုပ်ငန်းခွင်မှာ အိပ်အိပ်နေတော့ ခက်တယ်။ ငါက မင်းကို ဆိုင်ကယ်ဝယ်ပေးဖို့ စိတ်ကူးထားတာ"

"ဒါဆို ကျွန်တော် နောက်မအိပ်တော့ပါဘူးခင်ဗျာ"

နောက်ရက်မှာ သူဌေးက လာကြည့်တော့ အမြဲအိပ်လေ့ရှိတဲ့ အလုပ်သမားကို မတွေ့တာနဲ့

"ဟိုတစ်ယောက် မမြင်ပါလား"

"ဆိုင်ကယ်စီး သွားသင်တယ် ခင်ဗျ"

☺ ☺ ☺





## ချက်ချင်းပြောပါလား

မန်နေဂျာ — ငါ မင်းတို့ကို စောင့်ကြည့်နေတာကြာပြီ။ အမြဲ အလုပ်ဝင်ချိန် နောက်ကျတယ်။ ဒီနေ့ကစပြီး၊ အလုပ်ဆင်းချိန်လည်း စောမပြန်ရဘူး။ စောစောလည်း လာရမယ်။

အလုပ်သမားများ — ဟုတ်

ဒါရိုက်တာ — မန်နေဂျာကြီး စကားပြောပြီးရင် ရုံးခန်းထဲ ခေါ်လိုက်နော်ပါဦး

(ရုံးခန်းအတွင်းရောက်သော်)

ဒါရိုက်တာ — သူတို့ အလုပ် ဝင်ချိန်နောက်ကျတာကို ဘာလို့အကြာကြီး စောင့်ကြည့်နေရတာလဲ။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ဘာဖော့သား

သမီးရှင် မင်းက သူဌေးသား သာဆိုတယ် ဘာမှ မလုပ်တတ်ဘူးဆို တော့။

သူဌေးသား ကျွန်တော်တို့ရဲ့ စီးပွားရေး လုပ်ငန်း တွေအားလုံးလည်း မေမေပဲ ဦးဆောင် တာပါခင်ဗျာ။

☺ ☺ ☺



## သူတို့မှာသိမှာ

"ခင်ဗျားငွေတွေရှာတာ ဘာလုပ်ဖို့လဲ"

"ငါ့မိန်းမက အရှာနိုင်းခဲ့လို့ပေါ့ကွာ"

"ခု ခင်ဗျားမိန်းမ ဆုံးသွားပြီ မဟုတ်လား။ အဲဒီငွေတွေ ဘာလုပ်မယ်စိတ်ကူးလဲ"

"နောက်ထပ် မိန်းမတစ်ယောက်ယူပြီး မေးကြည့်ရမှာပဲ"

☺ ☺ ☺

## နားထောင်လိုက်ပုံက

ဆရာဝန် လူကြီးမင်းရဲ့ အစား အသောက်၊အနေအထိုင်၊ အမူအကျင့်အားလုံးကို ပြောင်းပြစ်ဖို့ လိုနေပါပြီ။ ငွေလည်းတတ်နိုင်တာပဲ။

လူနာ စိတ်ချပါဆရာ၊ ကျန်းမာဖို့က အဓိကပါ။

အဲဒီနောက်ရက်မှာတော့ လူနာဟာ တခြားဆရာဝန်ကို သွားပြတယ်ဆိုပဲ။

☺ ☺ ☺

## ချောင်ကြိုက်တာ မဟုတ်ပါဘူး

"ဒီကားက မိုင်နှစ်ရာ မနားတမ်းမောင်းလို့ရတယ်"

"ငါက ဆယ်ငါးသိန်းလောက်ပဲ ချင်တာ။ မိုင်ငါးဆယ်လောက်ပဲ မောင်းမှာမို့"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ဘာလိုက်မဲ့ယူပါဘူး

ငွေရှိတဲ့လူရဲ့ဒုက္ခကို မင်းတို့က မသိဘူးနော်။ ငွေအတွက် ဘယ်လောက် စိတ်ညစ်ရတယ်၊ သောက များရတယ်ဆိုတာ။

အဲဒီတော့ ငွေမရှိတဲ့လူက ပြန်ပြောတယ်၊

"ဒုက္ခချင်း လဲချင်ဆိုက်တာ သူငယ်ချင်းရာ"

☺ ☺ ☺



## ညီမျှတဲ့တန်ဖိုး

"မင်းရိုက်ပေးတဲ့ ဓာတ်ပုံက ငါ့လက်ရှိအသက်ထက် သုံးနှစ်လောက်ကြီးနေတဲ့ပုံဖြစ်နေတယ်၊ ဈေးလျှော့ဦးကွာ။"

"ဟာ အဲသလိုဆိုရင် နောက်သုံးနှစ်မှာ ယူမယ့် ဈေးပဲ ယူလိုက်ပါမယ်။ တစ်ရာငါးဆယ်ပိုပေးခဲ့ပါ"

☺ ☺ ☺





## မှန်သားပဲ

ကားအရောင်းအဝယ်လုပ်ပြီး တဲ့နောက်ရက်မှာ

ဝယ်သူ — မင်းပြောတော့ ကားက မိုင်လေးဆယ်ပြည့်အောင်တောင် မမောင်းရသေးဘူးဆို၊

ရောင်းသူ — ခု ဘာဖြစ်နေလို့လဲ၊ ခင်ဗျားမောင်းတော့ ရနေလို့လား၊

☺ ☺ ☺



## ဒါမျိုးလည်းရှိတယ်

"အရောင်ရတဲ့ငွေတွေလေ"

"ဖြုန်းလိုက်တာနဲ့ ကုန်ရောလား"

"အရောင်ရတဲ့ကားနဲ့၊ အရောင်ရတဲ့တိုက်ဝယ်လိုက်ပြီး အရောင်သူဌေးဖြစ်သွားပြီကွ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဘယ်သူ့ကားဖြစ်လဲ

ကားဝယ်သွားသူက ပွဲစားဆီကို လာပြီး –

"ခင်ဗျား ဝယ်ပေးတဲ့ကားက ပိုင်ရှင်အပြောင်းအလဲ မများဘူးဆို"

"ဟုတ်တယ်လေ။ တစ်ဦးတည်း ပိုင်ခဲ့တာ"

"အဲဒီတစ်ဦးတည်းက ဂုံးစားတဲ့ လူဖြစ်နေတာကို ဘာလို့မပြောရတာ လဲဗျာ"

"ခင်ဗျားက မေးလို့လား"

☺ ☺ ☺



## ရောင့်ရဲနိုင်ပါတယ်

"ငါ ငွေရှာနေတာ မင်းတို့ဖို့ကွ"

"တော်ရုံသင့်ရုံ ရှာပေါ့တော်။ စက္ကူရှိထေရှိတွေ ဘာတွေ ထားရလောက်အောင်ထိ မရှာပါနဲ့"

☺ ☺ ☺





## ကံဆိုးကျ

"ကျွန်တော် လက်နာနေလို့ အလုပ်မလုပ်နိုင်လို့ ငွေငါးထောင်လောက် ချေးပါလားဗျာ"

(လက်တစ်ဖက်မှာ ပတ်တီးစီးထားတဲ့ သူက သူ့မိတ်ဆွေဆီက ငွေချေးတာပါ။ ဒီတော့ သူ့မိတ်ဆွေက)

"မင်း လက်နာတာက တစ်ဘက်တည်းပဲ။ ကောင်းတဲ့တစ်ဘက်က အလုပ်လုပ်နိုင်သားပဲ"

"ဒါဖြင့် နှစ်ထောင့်ငါးရာပဲချေးပါခင်ဗျာ"

☺ ☺ ☺



## မပျော်လို့

"စက္ကူရှိထေရှိလုပ်နေရာကနေ ထွက်လိုက်ပြီဆို။ ဘာလို့လဲ"

"ငါရဲ့သူဌေးက သူ့မိန်းမကို ကြောက်ရတယ်လေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com




## ဘွဲ့မဝင်တော့ပါ

"သောဘာဆိုတာ ရှိသင့်တာမှာပဲ မှီရှာယ်ကွ။ ငါတော့ ပညာရှာရာမှာ ဓဲ သောဘာထားတယ်။ မင်းလို ငွေနောက်မလိုက်ဘူး။"

"လက်စသတ်တော့ မင်းက ဒုတိယအရွယ်နဲ့ ပထမစိတ်ဖြစ်နေတာကိုး"

☺ ☺ ☺



## အတိုးရော အရင်းရော အားလုံး ပေါင်းတော့

"တစ်ကမ္ဘာလုံးမှာ ရှိတဲ့ငွေတွေ မင်းအကုန်ရရင် ..."

"ခုလိုပဲနေမှာပါကွာ။ ဘာမှမထူးနိုင်ပါဘူး"

"ဘာလို့"

"အကြွေးတွေ ဆပ်လိုက်တာနဲ့ ကုန်မှာပဲကွ"

☺ ☺ ☺





## ပွဲ၁

"ကဲ မင်းအဆင်ပြေသွားပြီ။ အရက်တိုက်ကွာ"

"ငါ မသောက်တတ်ဘူးကွ။ ဒီတော့ သူများလည်း မတိုက်ချင်ဘူး"

"ဒါဖြင့် လက်ဖက်ရည်တိုက်ကွာ"

"လက်ဖက်ရည်ဆိုင်ထိုင်တာ အချိန်ဖြုန်းတဲ့အလုပ်ပဲ။ ငါမလုပ်တာကြာပြီ"

"အေးလေ၊ ဒါဆိုလည်း ထမင်းပဲ လိုက်စားရတော့မှာပေါ့"

☺ ☺ ☺



## ဒိုင်းတော့ သတ်ပေ

"မောင် ဟိုလမ်းထိပ်က စတိုးဆိုင်ဘက် ရောက်ဦးမလား"

"ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးရှိတဲ့ဆိုင်လား၊ စကတ်ကလေးတွေနဲ့ ကောင်မလေးတွေ ရှိတဲ့ဆိုင်လား။ သွားပေးမယ်လေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အရှုံးထဲကအမြတ်

"၂၀ နဲ့ဝယ်ထားတာ ၁၈နဲ့ ပြန်ရောင်းလိုက်ရတယ်ကွာ။ ၂ ရှုံးသွားတယ်ကွ"

"၂ ပြန်မြတ်ချင်ရင် အဲဒါမျိုး ပြန်ဝယ်ပါလား။ နဆို ၁၆ လောက်ပဲရှိတော့တယ်။"

"ကိုယ့်လက်ရောက်ပြီးမှ ဆက်ကျနေရင် ၁၄ ထိဖြစ်သွားမှာစိုးလို့ကွ"

"အဲဒါဆို နရောင်းလိုက်တာကို မြတ်တယ်လို့ သဘောထားလိုက်ပေါ့ကွာ"

☺ ☺ ☺



## တင်းပါတယ်

"ရှင် မနေ့ညက အိပ်မက်ယောင်ပြီး မော် မော်နဲ့ ခေါ်နေတာ။ ရှင့်စက္ကရီထေရီလား"

"အထင်မလွဲပါနဲ့ကွာ၊ မော်ဆိုတာက အရောင်းဌာနကပါ။"

☺ ☺ ☺






## ဝယ်ဈေး၊ ရောင်းဈေး၊ သွင်းဈေး

"ဈေးတော့ မလျှော့ပါနဲ့ဗျာ။ ငါးရာတော့ပေးပါ။ ဟို ငါးဆယ်တန်လေးတစ်ခု အဆစ်ထည့်ပေးလိုက်မယ်။"

"အဲဒီ ငါးဆယ်တန်ကို ခင်ဗျားဆီ ပြန်သွင်းရင် ဘယ်လောက်နဲ့လက်ခံမှာလဲ"

"အဲဒါမျိုးက လူကြိုက်နည်းတယ်ဗျ။ ရောင်းလို့ရတာမဟုတ်ဘူး။ အဆစ်ထည့်ပေးရတာဆိုတော့ ငါးကျပ် လောက်ပဲပေးနိုင်မှာ"

☺ ☺ ☺



## အားငယ်တယ်

"စိတ်ညစ်မနေပါနဲ့ကွာ။ စီးပွားရေးဆိုတာ အတက်ရှိရင် အပျက်ရှိတာပဲ။ ကြားဖူးတယ်မဟုတ်လား"

"အဲဒါတော့ ကြားဖူးတာပေါ့ဗျာ။ အပျက်ရှိရင် အတက်ရှိတာပဲဆိုတဲ့ စကားသာ မကြားဘူးလို့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အရှုံး အနိုင်

"မောင်တို့ရဲ့ ပြိုင်ဘက်ကုမ္ပဏီ ကို အနိုင်ရလိုက်ပြီ"

"ဟုတ်လား ပြောပါဦး"

"သူ သိပ်အားထားရတဲ့ စက္ကရီ ထေရီကို မောင်က ခေါ်ယူလိုက်ပြီ လေ"

"အိုး ဒါကြောင့် သူ့မိန်းမနဲ့ နေ့လည်က ဆုံမိတော့ အနိုင်ရတဲ့ အပြုံးနဲ့ ကြည့်သွားတာကိုး"

☺ ☺ ☺



## မေတ္တာတွေ

"မောင် ဆေးလိပ်ဖြတ်လိုက်ပြီ ဟုတ်လား"

"အင်း"

"ဆရာဝန်က နိုင်းတာလား"

"စက္ကရီထေရီကပါကွာ"

☺ ☺ ☺





## သူမှ ရှုံးသွားတာ


"ငွေတစ်ရာရရင် တစ်ထောင်လို ချင်တယ်ကွ၊ တစ်ထောင်ရတော့ တစ်သောင်းလိုချင်ပြန်ရော၊ တစ် သောင်းပိုင်ဆိုင်ကြည့် တစ်သိန်းရှိချင် လာတယ်"

"လောဘ သတ်ပါကွာ၊ ငွေ နောက် လိုက်လွန်းရင် လမ်းမှား ရောက်သွားတတ်တယ်၊ ခု မင်းမှာ ဘယ်လောက်ဝင်ငွေရှိသလဲ"

သူငယ်ချင်း၊၊ ငါ့အတွက် လုံးဝ စိတ်မပူပါနဲ့ကွာ၊ ချေးငှားသုံးနေတာ ကြာပြီ"

"ဟော"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## တော်ရဲ့ တန်ရဲ့

"မောင်ရယ် လောဘကိုလျှော့ပါဦး။ မောင် ပိုင်ဆိုင်ချင်တာတွေက များလွန်းအားကြီးနေပြီ။ တချို့ကိစ္စတွေက ထုံးစံထက်ပိုရင် မကောင်းပါဘူး။ မောင်ပဲ စဉ်းစားကြည့်ပါ။ စက္ကူရီထေရီဆိုတာ တစ်ယောက်ပဲ ထားရတာပါ မောင်ရယ်"

"ဒါဖြင့် မင်းလည်း စဉ်းစားပေါ့ကွာ။ သူများထက် ၂-ဆဝင်အောင် ရှာဖွေလုပ်ကိုင်ဖို့ဆိုတာ ..."

☺ ☺ ☺



## သူဌေးကြီးသိက္ခာမကျဖို့

သူဌေးကြီးရဲ့ စက္ကူရီထေရီနဲ့ သူဌေးကြီးရဲ့ဇနီးဆုံမိတော့

"ကလေးမကို မှာထားရဦးမယ်။ ကိုယ့်ဆရာကို ဂုဏ်သိက္ခာကျအောင်တော့ မလုပ်မိစေနဲ့နော်။"

"ဆရာကတော်အနေနဲ့ သည်းခံနိုင်ဖို့က ပိုပြီး အဓိကကျမှာပါရှင်"

☺ ☺ ☺





## ဘာရှောင်ဘာတိမ်း

သူဌေး — ငါ မင်းကို ဘယ်လောက် ယုံတယ်ဆိုတာ သိတယ်နော်။

စက္ကူရီထေရီ — ဟုတ်ကဲ့ သိပါတယ်။

သူဌေး — ငါ့မိန်းမကို မပြောမပြတဲ့စကားတွေ အကြောင်းအရာတွေကိုတောင် မင်းကို ပြောပြ အသိပေးထားတာ။

စက္ကူရီထေရီ — ဟုတ်ကဲ့။ သူဌေးရဲ့ ဇနီးကို ပြောပြတဲ့ စကားတွေနဲ့ အသိပေးတဲ့အကြောင်း၊ အရာတွေ ကျွန်မကို မပြောပြတဲ့ အတွက် ကျေးဇူး တင်ပါတယ်"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ပြောင်း

"လုပ်ငန်းတွေ အောင်မြင်ဖို့ အတွက် စိတ်ကြည်ကြည်လင်လင်နဲ့ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်နေနိုင်ဖို့ လိုတယ်။ အမြဲလန်းဆန်းတက်ကြွ နေဖို့လိုတယ်၊ ယုံကြည်စိတ်ချရပြီး အနီးကပ်ကူညီမယ့်သူလိုတယ်။ ဒါမှ လုပ်ငန်းမှာ ဟာကွက်မရှိမှာ၊ တို့ရဲ့ နိုင်မှာ၊ အဲဒီတော့ ..."

"တော်က စတ္တရီထေရီထားချင် တယ် ဆိုပါတော့"

☺ ☺ ☺



## ပြေနိုင်ဘူး

"သူငယ်ချင်း၊ စီးပွားရေးလုပ် တယ်ဆိုတာ ရှုံးတဲ့အခါရှုံး၊ မြတ်တဲ့ အခါ မြတ်မှာပဲ၊ အမေမွေးတုန်းက ဘာမှ ပါလာတာမဟုတ်ပါဘူးကွာ"

"ငါ အခု ရှုံးတာက အမေမွေး တုန်းက ပါလာတာတွေကွ"

☺ ☺ ☺





## ရောင်းလေးပါလား ဝယ်လေးပါလား

အမျိုးသမီးတစ်ဦးက ကားပွဲစား တန်းကို ရောက်လာပြီး သူဝယ်ချင် တဲ့ကား အမျိုးအစား၊ အရောင်၊ အရည်အသွေးတွေကို ပြောပြပြီး –

"အဲဒီကားမျိုး ရှာပေးနိုင်မလား"

"ဈေးကွက်ထဲမှာတော့ မရှိဘူး။ အဲဒီကားမျိုးကို ရွှေသူဌေးလူမျိုးကြီး စီးနေတာပဲတွေ့ဖူးတယ်။ သူကတော့ ပြန်ရောင်းမယ်မထင်ဘူး။"

"သူ့လိပ်စာဖြစ်ဖြစ်၊ ဖုန်းနံပတ် ဖြစ်ဖြစ် ပြောပြပါလား"

☺ ☺ ☺



## ရမှာမှ မဟုတ်ဘဲ

"မင်းက စီးပွားကျသွားတာ တောင် မာနက မကျပါလား"

"ငါက ချမ်းသာတဲ့ လူတွေ အကြောင်း သိတယ်လေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## နှစ်ယောက်ပါ

"အခြေအနေအရ ဝန်ထမ်းတွေ လျှော့မယ်ကွာ"

"ကွန်ပျူတာကိုင်တဲ့ ကလေးတွေရော"

"လျှော့ပစ်မယ်။ ငါ့ဟာငါပဲ ကွန်ပျူတာကိုင်မယ်"

"မန်နေဂျာရော"

"ငါ ကွန်ပျူတာကိုင်မှတော့ မလိုပါဘူးကွာ"

"အုပ်ချုပ်ရေးမှူးရော"

"မထားတော့ဘူးလေ"

"ရှင့်တစ်ယောက်တည်းဖြစ်ပါ့မလား"

"စက္ကူရိုက်ထရိုရှိပါတယ်"







## သူတို့ဆီမှာရှိတယ်

စီးပွားရေးလောကကို ဝင်မိုးပြင်ဆင်နေတဲ့ ဦးချမ်းသာက ...

ဦးချမ်းသာ — ငါ ဒီနေ့ည မိတ်ဆွေနှစ်ယောက်ကို ညစာစားပွဲနဲ့ ဧည့်ခံရမယ်"

ခနိုး — ဘယ်သူတွေလဲ။

ဦးချမ်းသာ — ကိုသောနတို့ ညီအစ်ကိုပါ။

ခနိုး — ဟို ကုမ္ပဏီလုပ်ပြီး ပြုတ်သွားတဲ့ ညီအစ်ကိုလား။

ဦးချမ်းသာ — အင်း သူတို့ အတွေ့အကြုံမေးချင်လို့။

ခနိုး — သူတို့ဖြင့် ဘယ်လုပ်ငန်းမှ အောင်မြင်အောင် မလုပ်ဖူးပါဘူး။

ဦးချမ်းသာ — အောင်မြင်အောင် လုပ်ဖို့ လေ့လာစရာတွေက ရှာလို့ လွယ်





www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ။ ပြုတ်သွားတဲ့သူတွေဟာ ဘာတွေ လုပ်မိလို့ဆိုတာက သိဖို့ခက်တယ်။

☺ ☺ ☺

## တစ်ခြမ်းသိ

"ခင်ဗျား ခု အနိမ့်ဆုံးရောက်နေတယ်။ ဒီထက်ဆက်မကျနိုင်တော့ဘူး၊ ဟုတ်ရဲ့လား"



"ဟုတ်ပါတယ် ဆရာ။ တိုက်ရော၊ ကားရော ရောင်းစားပြီးပါပြီ။ ဆက်ရောင်းစရာဆိုလို့ ဘာမှကို မကျန်တော့ပါဘူး။ ဒါနဲ့ ဘယ်တော့လောက်မှာ အမြင့်ပိုင်းရောက်မလဲဟင်"

"အဲဒါတော့ မပြောတတ်ဘူးဗျာ။ အဆင်ပြေသွားတဲ့သူတွေက လာမေးလေ့မရှိတော့ သူတို့လက္ခဏာရဲ့ ထူးခြားမှုကို မသိလို့ပါ"

☺ ☺ ☺





## သူ့ထက်သူ

"ဒီနေ့ရှာမှ နက်ဖြန်စားဖို့ရမှာလေ။ ပေါ့လို့မဖြစ်ဘူး"

"ကျုပ်တို့က ဒီနေ့စားဖို့ ဒီနေ့ရှာနေရတာတော့"

"ငါကတော့ မနေ့က စားခဲ့တာအတွက် ဒီနေ့ရှာနေရတာပါ"

☺ ☺ ☺



## ကဲ သိပြီလား

"ခင်ဗျားက စားစရာမရှိဘူးသာဆိုတာ အဝတ်ကိုတော့ တစ်နေ့တစ်စုံမထပ်ရအောင် ဝတ်တာပဲ"

"အစားချေးတာပြီးပြီဗျာ။ အဝတ်ကိုတော့ ခုထက်ပိုချေးတာလို့ မရတော့လို့ပါ"

"မဟုတ်သေးပါဘူးဗျာ"

"ဘာ မဟုတ်ရမှာလဲ။ ဒီနေ့ငှားဝတ်တဲ့ဝတ်စုံပြန်ပေးလိုက်ရင် နက်ဖြန် တစ်စုံ ငှားဝတ်ရမှာဗျ"

☺ ☺ ☺



www.burmeseclassic.com

## ဘယ်မှာငွေသုံးလို့လဲ

"ဝင်ငွေနဲ့ ထွက်ငွေမျှအောင်လို့ သုံးပါကွာ။ အကြွေးတွေက များနေပြီ"

"ဟောတော် - တော်က မပေးလို့ ကျုပ်ကလည်း ဆိုင်ကို မပေးဘဲ ဝယ်တာလေ"

☺ ☺ ☺

## တူတာမှတ်လို့

"စားဖို့အတွက်တော့ ပူမနေပါနဲ့ ကွာ၊ လုထွင်းတဲ့ ငရုတ်ဆုံတောင် ထောင်းနေရသေးတာပဲ။ နုတ်ထွင်းတဲ့ ခံတွင်းပါကွ"

စားဖို့အတွက်ရှာရတာ မောပြီး စိတ်ပန်းနေတဲ့ သူငယ်ချင်းကို တစ်ယောက်က ဖြေသိမ့်စကားပြောလိုက်တယ်။ ဒီတော့ အပြောခံရတဲ့သူက

"မင်း ဘာသိလို့လဲ နုတ်တွေက အငှေ့စားတာကွ"

☺ ☺ ☺







## စားနာပါဦး

အလုပ်သမား၊ စားဖို့ ရှာရတာ မလွယ်ဘူး။

အလုပ်ရှင် မှန်လိုက် လေ မောင်ရယ်၊ ဦးဆို စိတ်ကို မောနေတာပဲ။မောင်ရင် ကမှ လေးငါးရာဝင်ရင် စားဖြစ်သေး။ ဦးမှာက တစ်နေ့ လေးငါးထောင်မှ မဝင်ရင် စားမဖြစ်ဘူး။

အလုပ်သမား၊ ခုလို သိရတော့ ဦးအတွက်ပိုပြီး မောမိပါတယ်ခင်ဗျာ။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## သူများတွေစားလေ ကျွန်တော်ပျော်လေ

"မင်းက ဘာလုပ်သလဲ"

"ကျွန်တော့်အလုပ်က သူများစားဖို့လုပ်နေရတာပါ"

"ဘယ်လောက်ကြာပြီလဲ"

"နှစ်လေးဆယ်ရှိပြီ"

"နားဖို့ကောင်းပြီကွာ"

"ဗျာ ဘာလို့"

"မင်းက သူများစားဖို့ လုပ်နေတာဆို"

"ဟုတ်တယ်လေ။ စားသောက်ကုန်ရောင်းတာ"

☺ ☺ ☺



## မြန်ခဲ့မြန်ရလေ

"ဘယ်အလုပ်မဆို အောက်ခြေကစလုပ်ရတယ်ကွ။ အပေါ်ယံ ရုပ်လုပ်နေလို့ ဘယ်တော့မှ မကြီးပွားနိုင်ဘူး။ ဒါနဲ့ မင်းအလုပ်ကို ပြောပါဦး"

"ရေကူးနည်းပြပါခင်ဗျာ"

☺ ☺ ☺





## ဘာဝေးလား ဘာနီးလား

နယ်လှည့် အရောင်းဈေးသည်တစ်ယောက်ဟာ အိမ်တစ်အိမ်ရဲ့ တံခါးဝမှာ ရပ်လိုက်တော့ အိမ်ရှင်အဖိုးကြီးက သူ့မှာ ပိုက်ဆံမရှိတဲ့အချိန် အရောင်းဈေးသည်ကို မြင်လိုက်ရလို့ စိတ်ပျက်ပြီး

"မင်းကိုငါ မမြင်ချင်ဘူးကွာ" လို့ ပြောလိုက်တယ်။ ဒီတော့ အရောင်းဈေးသည်က ဝမ်းသာအားရနဲ့

"အဆင်သင့်လိုက်လေ ခင်ဗျာ။ ကျွန်တော်ရောင်းမှာက ပါဝါမျက်မှန်အမျိုးမျိုးပါ"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## ဆက်ရန်ရှိသေးသည်

စီးပွားရေး အဆင်မပြေလို့ ညညမှာ အိပ်မပျော်ဘဲဖြစ်နေတဲ့ သူဌေးကြီးဟာဆေးခန်းကိုသွားပြီး ဆရာဝန်နဲ့တွေ့တယ်။ ဆရာဝန်က မေးမြန်းကြည့်ပြီး

"အိပ်ဆေးတော့ မစားစေချင်ဘူးဗျာ။ ဒီအတိုင်း အိပ်ပျော်အောင် ကြိုးစားကြည့်ပါဦး။ လူကြီးမင်း ဒီနေ့ညမှာတော့ အိပ်ရင်းကနေ ကြယ်တွေကို ရေကြည့်စမ်းပါ။ နက်ဖြန်ကျရင်ပြော၊ လူကြီးမင်း ရေတွက်လိုက်တာ ဘယ်လောက်ရတယ်ဆိုတာ"

"ဟုတ်ကဲ့"

နောက်ရက်မှာ လူနာနဲ့ဆရာဝန်ဆုံတော့

"မနေ့ညက ကြယ်တွေကို ရေကြည့်တာ ဘယ်လောက်ရသလဲ"

"မပြီးသေးဘူးဆရာ၊ ဒီနေ့ည ဆက်ရေရဦးမှာ"

☺ ☺ ☺







## မလွှဲသောအမှား

အလုပ်တစ်ခုအတွက် လူတွေ့စစ်ဆေးဖို့ အလုပ်လျှောက်သူတွေကို ခေါ်တွေ့မေးတဲ့ဆီမှာ လူငယ်တစ်ယောက် အလှည့်ရောက်လာတော့ မန်နေဂျာက ခေါ်လိုက်ပြီး

"မင်းနာမည် ဘယ်သူလဲ"

"မောင်လှ"

"အထက်လူကြီးက မေးတဲ့အခါ ဆရာထည့်ဖြေရတယ်၊ ကဲ ပြန်ဖြေစမ်း"

"ဆရာမောင်လှပါ"

☺ ☺ ☺



## ဒါတော့ ခင်ဗျား ပြောမှလား

"ပွဲစားမရှိဘဲ အရောင်းအဝယ်လုပ်လို့မရဘူးဗျ"

"အရောင်းအဝယ်မရှိဘဲလည်း ပွဲစားလုပ်လို့မရပါဘူးကွာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မှတ်မိထား

အလုပ်ခွင်ကို အသစ်ရောက်လာတဲ့ အလုပ်သမားသစ်က ရှိနှင့်တဲ့ အလုပ်သမားဟောင်းကို မေးတယ်။

"အဲဒီမှာ အလုပ်သမား စည်းကမ်းထိန်းက ဘယ်အချိန်ရောက်တတ်သလဲ"

"မင်းနောက်ကျမယ့်နေ့ဟာ သူစောရောက်မယ့်နေ့ပဲကွ"

☺ ☺ ☺



## ကျေနပ်ပါတယ်

သိပ်ကို အသုံးအဖြုန်းကြီးတဲ့ အမျိုးကြီးနဲ့ အလွန်ကပ်စေးနဲတဲ့လူမျိုးကြီးတို့ ဆုံမိကြတော့ . . .

"ကျုပ်သာ တော်နဲ့ရရင် တော့်ကို အဆိပ်ကျွေးမိမှာသေချာတယ်"

"မင်းပိုက်ဆံနဲ့လား"

☺ ☺ ☺





## ရပိုရွှင်

စတိုးဆိုင်ကြီးတစ်ဆိုင်မှာ ဈေးဝယ်နေတဲ့ လူကြီးတစ်ယောက်က

"ဟိုလက်ဆွဲအိပ်ယူမယ် ကလေးမ"

"ဒါလား"

"ဟိုဘက်ကဟာ"

"ထုပ်လိုက်မယ်နော်"

"မထုပ်နဲ့ ဒီအတိုင်းယူသွားမယ်"

"ဟုတ်ကဲ့ရှင့်"

"ထုပ်မယ့် စက္ကူနဲ့ကြိုးတွေတော့ အဲဒီထဲ ထည့်ပေးလိုက်လေ"

☺ ☺ ☺



## အပိုပေရော့

"မင်းက ဘာလို့ သူဌေးသမီးကို ယူရတာလဲ"

"ချမ်းသာချင်လို့ပေါ့ဗျာ"

"အင်း ငွေတွေတော့ ရလိုက်ပါရဲ့၊ ပေးရမယ့်အတိုးကို မမြင်ဘဲကိုး"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဆေးလိုက်တဲ့ ဆုံးသတ်

တစ်ခါက ရွာတစ်ရွာမှာ အလွန်နှမြောတဲ့ ဦးသာဝဆိုတာ ရှိတယ်။ တစ်ရက်မှာ သူ့သားက သူစုထားတဲ့ ငွေတစ်ထောင် ယူသွားလို့ဆိုပြီး ရပ်ကွက်ထဲက ဆေးဆရာကြီး ဦးပေါ်တလုဆီရောက်လာပြီး"

"ဟိုကောင် ငွေတစ်ထောင်ယူသွားပြန်ပြီဗျာ။ စိတ်ဆင်းရဲတယ်။ သေကို သေချင်တယ်။ ဒီမှာ ဦးပေတလု"

"ဗျာ"

"သောက်လိုက်ရင် သေမယ့်ဆေး မရှိဘူးလား"


"ရှိပါတယ်"

"ပေးစမ်းဗျာ"

"ဆေးက ရှားတယ်ဗျ။နှစ်ထောင်တော့ ပေးရမယ်"

"ခင်ဗျားက ကျုပ်သားထက်တောင် ဆိုးနေပါလားဆိုပြီး ထ ပြန်သွားသတဲ့"

☺ ☺ ☺







## သူ့ထက်သိပ်သိတာ မရှိတော့ဘူး

"အကျိုးရှိတ်ဖို့ ဆိုတ် လိုချင်လို့၊ ဘယ်လောက်လဲ"

"ဒါက ငါးဆယ်ပါ"

"ဈေးသက်သာတာပြပါဦး"

"ဟိုဟာက သုံးဆယ်"

"အဲဒီထက်နည်းတာ သက်သာတာမရှိတော့ဘူးလား"

"သံတစ်ချောင်းတော့ ရှိတယ်ဆရာ"

☺ ☺ ☺



## တော့ပ်တင်းန် (Top Ten)

"ကန်စွန်းရွက်ချည်း နေ့တိုင်းဝယ်စားနေရတော့ ဝယ်ရမှာတောင်ရှက်လာပြီ"

"မရှက်ပါနဲ့တော်။ စားပွဲရုံကြီးတွေမှာလည်း ရောင်းအကောင်းဆုံးက ကန်စွန်းရွက်ပလိန်းပါပဲ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## သက်သာအောင်

မြို့မှာ အလုပ်လုပ်နေတဲ့ သားဆီကို သူ့အမေက အကျီပို့လိုက်တယ်။ မြို့မှာ ဝယ်ဝတ်ရင် ဈေးကြီးမှာစိုးလို့ပေါ့။

"သား

အကျီပို့လိုက်တယ်။

ပါဆယ်ခ သက်သာအောင် ကြယ်သီးတွေ ဖြုတ်ထားတယ်သား။ သံကြယ်သီးတွေမို့ အလေးချိန်စီးမှာကြောင့် ဖြုတ်ထားတဲ့ ကြယ်သီးတွေကို အကျီအပေါ်အိပ်ထဲ ထည့်ပေးလိုက် တယ်သား။

အမေ



☺ ☺ ☺





## ဓနဝပေါပေတယ်

ဦးသာဝ လက်ဖက်ရည်ဆိုင်လာပြီဆိုရင် သောက်နေငဲ့တဲ့သူများက မြန်မြန်သောက်ပြီး လက်ဖက်ရည်ဖိုးအမြန်ရှင်းကြတယ်။အဲသလိုမှ မရှင်းရင် ဦးသာဝက ဝင်ထိုင်သောက်ပြီး ငါ့အတွက်ပါ ရှင်းလိုက်ပါကွဆို ခိုင်းတတ်တယ်။ တစ်ရက်မှာ ဦးသာဝက လက်ဖက်ရည်သောက်ပြီး

"ငွေရှင်းလိုက်ကွာ။ လူကြီးကို ပြုစုရတာ ကုသိုလ်ရပါတယ်"

"ရှင်းမှာပါ"

"ကောင်းတယ်။ မင်းတို့ ကြီးပွားချင်ရင် ငါ့ကို ပြုစုရင်း ငါ့ဆီက ပညာကို ရအောင်ယူကြကွ"

"ပြောစမ်းပါဦး"

"ငါ နာခေါင်းကြီးနေတာသာကြည့်။ လေကို အလကားရှူရလို့"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဆဲဘာတတ်နိုင်သေးလဲ

တစ်ခါက ကုန်သည် တစ်ယောက်နဲ့ ပွဲစားတစ်ယောက် ခရီးသွားရင်း မီးရထားပေါ်မှာ အတူထိုင်ဖြစ်ကြတယ်။ ကုန်သည်က ပွဲစားနဲ့ စကားမပြောမိဖို့ သတိထားနေတယ်။ သူပြောတာ ခေါင်းငြိမ့်မိရင်ကိုပဲ ပွဲခပေးရမှာ စိုးနေတာကိုး။ ဒါကြောင့် ဘာဝယ်သွားမလို့လဲ မေးလည်း မဖြေဘူး။ သူ့မှာ ဘာတွေ ရောင်းစရာရှိတယ်ပြောလည်း ဘာမှပြန်မပြောဘူး။ ဒီလိုနဲ့ နောက်ရက် မနက်ရောက်တော့ ပွဲစားက ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် သူ့စကား ခေါင်းငြိမ့်အောင်ပြောမယ်ဆို ဆုံးဖြတ်ပြီး –

"ဒီနေ့မနက် ရာသီဥတုက အတော်သာယာတယ်နော်"

"မင်းကို ဘယ်သူက မသာယာဘူးပြောနေလို့လဲ"

☺ ☺ ☺







## ဖတ်စေချင်လို့

"ဒီဟာသ စာအုပ်အသစ်က ဘယ်လောက်လဲ"

"ငါးရာပါ"

"ရယ်ရရဲ့လား"

"အရယ်သန်တဲ့လူဆိုရင် အူတက်သေသွားမယ်"

"ဟန်ကျတာပဲ။ ပေးကွာ။ ငါ့ယောက္ခမကြီးက အရယ်သန်တယ်"

☺ ☺ ☺



## အားနည်းမြှေးသတ်

"ကျွန်တော်တို့ဆီမှာ မိဘရဲ့လုပ်ငန်းကို သားသမီးက ဆက်ထိန်းနိုင်တာ အလွန့်အလွန်ကို နည်းတယ်ဗျ။ မိဘရဲ့လုပ်ငန်းဟာ သားသမီးလက်ထက်မှာ ပျက်သွားတာများတယ်"

"တော်မသိလို့ပါတော်။ ရှိပါ့။ ကျုပ် ဈေးရောင်းနေတဲ့ ချိန်ခွင်နဲ့ ဘခင်းက အဘွားရဲ့အမွေပါ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဗိုင်ပါပေတယ်

ကုန်သည်ရယ်၊ လုပ်ငန်းရှင်ရယ်၊ ပွဲစားရယ် ဟိုတယ်တစ်ခုမှာ ဆုံကြပြီး မိတ်ဆွေဖြစ်သွားတယ်။ ည အိပ်ယာဝင်ကြတော့မယ်ဆိုတော့

"ကဲ ကျုပ်တို့ အိပ်ယာကထတဲ့အချိန်မှာ သိန်းတစ်ထောင်စီချမ်းသာတဲ့ သူတွေဖြစ်နေရင် ဘာလုပ်မလဲ" လို့ လုပ်ငန်းရှင်က မေးတယ်။ ကုန်သည်က ...



"ကျုပ်ကတော့ ကုန်တိုက်ကြီးဖွင့်မှာပေါ့ဗျာ။ ခင်ဗျားကရော"

"စက်ရုံကို တိုးချဲ့မယ်လေ။ ပွဲစားကြီးကရော ဘာလုပ်မယ်စိတ်ကူးသလဲ"

"နောက်ထပ်တစ်ခါ အိပ်မယ်လေ"

☺ ☺ ☺





## သိပါရစေ

တစ်ခါက အရောင်းရေးသည် ခန့်ဖို့ ကုမ္ပဏီတစ်ခုက အင်တာဗျူးလုပ်ရာမှာ

"ကုန်ရဲ့ ပစ္စည်းနာမည်တွေကအင်္ဂလိပ်လို ရေးထားတာဆိုတော့ဖတ်တတ်ပါ့မလား"

"ဟုတ်ကဲ့ ဖတ်တတ်ပါတယ်"

"တို့ကမ္ဘာမြေနဲ့ နေဘယ်လောက်ဝေးသလဲ"

မန်နေဂျာက အထွေထွေ ဗဟုသုတရှိမရှိသိချင်လို့ မေးလိုက်တယ်။ ဒီတော့ အမေးခံရတဲ့ လူငယ်က

"လူကြီးမင်းတို့ ကုန်ပစ္စည်းကနေထိ သွားရောင်းရမှာလားခင်ဗျာ"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မနိုရအောင်

"မဝယ်တော့ဘူးလား"

"နေ့တိုင်း ချဉ်ပေါင်ဟင်း၊ ငရုတ်သီးထောင်းဖြစ်နေလို့၊ ဟင်းအပြောင်းအလဲလေး ချက်မယ်စိတ်ကူးလို့"

"မန်ကျည်းရွက် အချဉ်ရေချက်ပြီး ငရုတ်သီးကို မထောင်းဘဲ သုပ်လိုက်ပါ့လားတော်"

☺ ☺ ☺



## မေ့နေပြီလား

"မင်းမှာ ကြီးပွားချမ်းသာချင်တဲ့ စိတ်ကလေးများ ရှိသေးရဲ့လားကွာ"

"ရှိပါတယ် ဒယ်ဒီ"

"ရှိတယ်သာဆိုတယ် ဘာမှ မလုပ်တော့ ဘယ်လိုလုပ် ချမ်းသာမှာလဲ"

"ဒယ်ဒီပဲ ငါ့ရှာနေတာ မင်းဖို့ ဆို"

☺ ☺ ☺





## တမှန်ပါပဲ

"မင်းပြောတော့ သိန်းဂဏန်းချည်းပဲ၊ မင်းဆိုင်ရဲ့ အရင်းအနှီးကို ကြည့်ရတာတော့ သောင်းဂဏန်းတောင် မကြည့်ချင်ဘူး"

"သိန်းဂဏန်းက ပေးစရာရှိတဲ့ အကြွေးလေ"

☺ ☺ ☺



## ဖြစ်လေရာဘဝမှာ

"လူတိုင်း ကြီးပွားချမ်းသာချင်တာပဲကွ"

"အဲဒီအထဲမှာ ငါ့အဘိုးပါတယ် မပါဘူး သိပ်သိချင်တယ်ကွာ"

"မင်းအဘိုးအကြောင်း မင်းက မသိဘူးလား"

"ငါ့အဘိုးအကြောင်းတော့ သိတာပေါ့ကွာ။ တမလွန်ရဲ့အခြေအနေကို မသိလို့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ရှင်းအောင်ပြောပါ

"ဝယ်ပါဦးလား ချဉ်ပေါင်တွေ။ ကောင်းမှကောင်း။ ရွှေချဉ်ပေါင်လက်ခြား ကြက်သားနဲ့မလဲပါတဲ့။ စာဆိုတောင်ရှိသေးတယ်။"

"ချဉ်ပေါင်က မလဲတာလား။ ကြက်သားက မလဲတာလား"

☺ ☺ ☺

## အေးပြန်သုတ်တဲ့ဘာတွေး

"ဒီမှာ ငါ့တူ"

"ခင်ဗျာ"

"မင်းက သူဌေးသမီးကိုယူပြီး ချမ်းသာချင်လို့ ငါ့သမီးကို ချစ်တာ မဟုတ်လား"

"ဗျာ"

"မဗျာနဲ့ ငါသိပ်သိတာပေါ့"

"ဦးလေး ဘယ်လိုလုပ်သိတာလဲ"

"ငါလည်း ဒီနည်းနဲ့ ချမ်းသာလာတာကွ"

☺ ☺ ☺







## ဈေးသည်နားလည်မှုတ

"ဒီမှာ ရှင့်ဆီက ဝယ်သွားတဲ့ ငါးဆယ်သားက မပြည့်ဘူး။ လျော့နေတယ်။ လေးဆယ်သားပဲရှိတယ်"

"ဟောတော် ရှင်ပဲ လျော့ပေးပါဦးဆို။ ကျွန်မကတောင် မလျော့ပါရစေနဲ့လို့ ပြောသားပဲ"

☺ ☺ ☺

## လက်မခံနိုင်တော ခွင့်လွှတ်ပါ

"စီးပွားရေး လုပ်တဲ့ဆီမှာ လောဘသတ်နိုင်မှကွ။ လောဘ မသတ်နိုင်ရင် အလွန်စိတ်မောရတာ။ ဒုက္ခလည်း များတယ်။ ငွေထုပ်ကြီးပိုက်ပြီး စိတ်မောနေရတော့ ဘယ်အသုံးကျတော့မှာလဲ"

"ငွေမရှိတော့ စိတ်ရော လူရော မောရတာပေါ့ဗျာ"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## စဉ်းစားစရာ

"ကြီးပွားချမ်းသာချင်တာတော့ လူတိုင်းပဲ"

"ငါကတော့ လူတိုင်း စာရင်းထဲ မပါချင်ဘူး"

"ဘာလို့"

"လူတိုင်းကြီးပွားချမ်းသာ နေတာမဟုတ်လို့ပေါ့"

☺ ☺ ☺



## ဘာလို့

"လွယ်လွယ်နဲ့ရတဲ့ငွေက လွယ်လွယ်နဲ့ကုန်တာပဲ၊ သူများတွေ ဖြစ်ပျက်နေတာ ကြားဖူးပေါင်း မြင်ဖူးပေါင်းများလှပြီ၊ ကြုံလည်း ကြုံဖူးတယ်၊ ဒီတော့ စိတ်ဖြေနိုင်အောင်ဖြေလိုက်တာပဲ"

"ကျုပ်က မဖြေနိုင်ဘူးဗျ၊ လွယ်လွယ်နဲ့ရတဲ့ငွေမှမဟုတ်တာ"

☺ ☺ ☺






## လေနည်းနည်းလျှော့

"ခင်ဗျား နည်းနည်းလျှော့တာဖို့တော့ ကောင်းပြီ"

"ဘာကိုလျှော့တာရမှာလဲ၊ ကျုပ်က ဘာတွေ ဟော့ဟော့ရမ်းရမ်း သုံးဖြုန်းနေလို့လဲ၊ မိသားစု တာဝန်ကျေပြီးပြီဗျာ၊ အလုပ်တာဝန်ကျေပြီးပြီဗျာ၊ ခု ပင်စင်စားဘဝရောက်နေပြီ၊ လက်ဖက်ရည်ဆိုင် တစ်နေ့ကုန် ထိုင်တာတော့ ဝါသနာဗျ၊ တစ်နေ့ကုန်ထိုင်တာမှန်ပေမယ့် သောက်တာက တစ်ခွက်ပါ"

"ခင်ဗျား လျှော့တာရမှာ "လေ" ပေါ့ဗျာ၊ လေကိုလျှော့တာခြင်းဟာ အချိန်ကို လျှော့တာရာလည်း ရောက်ပါတယ်"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မောင့်ရည်ရွယ်ချက်

"အိမ်ထောင်ပြုမယ်ဆိုရင် ကြီးပွားချမ်းသာချင်စိတ်ရှိတဲ့သူကို ယူရမယ်သမီး"

"သမီးရဲ့ချစ်သူက ကြီးပွားချမ်းသာချင်တဲ့စိတ်ရှိပါတယ် ဖေဖေ"

"ဟုတ်လား သူက ဘာလုပ်သလဲ"

"ဘာမှမလုပ်ပါဘူး"

"သူ့မိဘကရော"

"ဆင်းဆင်းရဲရဲပါပဲ ဖေဖေ"

"ဟင်ဒါဖြင့် ကြီးပွားချမ်းသာချင်စိတ်ရှိတယ်လို့ သမီးက ဘယ်လိုလုပ်သိသလဲ"

"သူ သမီးကိုချစ်တယ်။ လက်ထပ်ယူမယ်လို့ ပြောတယ် ဖေဖေ"

☺ ☺ ☺







## ကိုယ်တွေ့နော် ကိုယ်တွေ့

"လူတွေဖတ်ဖို့ ကြီးပွားချမ်းသာရေးလမ်းညွှန်စာအုပ်တစ်အုပ်လောက်တော့ ပြုစုချင်တယ်ကွာ"

"ကိုယ့်ဟာကိုယ် အရင်ကြီးပွားအောင်လုပ်ပါဦးကွာ"

"အဲသလို မလုပ်တတ်လို့ပေါ့"

"မင်းဟာမင်းတောင် မလုပ်တတ်ဘဲ ဘယ်လိုလုပ် နည်းလမ်းပေးမှာလဲ"

"ကြီးပွားချမ်းသာဖို့အတွက် ဆောင်ရန်ကျင့်ရန်မဟုတ်ဘူး၊ ရှောင်ရန် ကျဉ်ရန်"

☺ ☺ ☺



## မတူဘူးလေ

"ငွေကိုချစ်မှ ငွေက လူကိုချစ်တာကွ"

"အမျိုးသားတွေအတွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့ကွာ။ အမျိုးသမီးတွေ ငွေကိုချစ်မိရင် ငွေရှိတဲ့လူတွေကိုပဲ ပြန်ချစ်တာများတယ်ကွ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## နွားထမ်းဖြိုနဲ့

"လူဆိုတာ တိုးတက်ချင်စိတ်ရှိရ ဘယ်ကွ။ ဒါလေမယ့် ငွေနောက်လိုက် ရင် ငွေက ပြေးတော့ ခက်တယ်။ ဒီတော့ ဘယ်လို လုပ်သင့်သလဲသိ လား"

"ပြောပြစမ်းပါဦး"

"ငါမသိလို့ မင်းမေးနေတာ"

☺ ☺ ☺



## မယုံမရှိနဲ့

"လောင်းကစားဆိုတာ စီးပွား ပျက်စေတာ သေချာတယ်ကွ။ စီးပွား ပျက်ရင် ဘဝပါပျက်တာပဲ။ ဘဝ ပျက်တာနဲ့အတူ သိက္ခာလည်း မဲ့ ရောကွ။ ငါတို့ ဟောဒီအရပ်ထဲမှာ တင်ရှိတယ်၊ ဆင်ခြင်ပေ့"

"ဘယ်သူများပါလိမ့်"

"ငါပဲကွ"

☺ ☺ ☺





## ဘာထူးသလဲ

"ငါ့သား အဖေလည်း ဗေဒင် ဟောစားရကောင်းမလားလို့ စဉ်းစား နေတယ်ကွယ့်"

"ဘာလို့လဲ အဖေ"

"သြော် ငါ့သားက စီးပွားပျက်ပြီ ဆိုရင် အဖေ့ဆီ ရောက်ရောက်လာ လို့ပါ"

☺ ☺ ☺



## ဝယ်ပြလေ

"ဆရာ့အနုပညာကို ကျွန်တော် လေးစားပါတယ် ဆရာ"

"နှုတ်ကြားရတာ ဝမ်းသာပါ တယ်"

"ဆရာ့လက်ရာလေး အမြတ် တနိုးသိမ်းထားချင်လို့"

"အဲဒါက လေးစားတာရဲ့ ခေါင်း စီးအောက်မှာ မဟုတ်ပါဘူး။အားပေး ရမှာပါ"

☺ ☺ ☺



www.burmeseclassic.com

## လက်ခံသတ်တော့

"မင်း စီးပွားတက်အောင် ငါလုပ် ပေးခဲ့တာကို အမှတ်ရသေးရဲ့လား"

"ဟုတ်ကဲ့"

"စီးပွားတက်သွားတော့ ငါ့ကို မေ့နေတယ်လေ"

"မေ့မိပါတယ်ခင်ဗျာ"

" အဲဒါကြောင့် ငါလုပ်လိုက် တာ။ ဟင်း ဟင်း ခုကျပြီ"

"ဟောဗျာ။ ခင်ဗျားက တော် တော် ဗလောင်းဗလဲနိုင်တာပဲ။ တော် ပြီဗျာ။ သွားတော့မယ်".

☺ ☺ ☺



## သတိရစေ့ချင်ရင်

"မင်းတို့က စီးပွားပျက်မှ ငါ့ကို သတိရကြတယ်။"

"စီးပွားတက်တုန်း သတိရစေ့ချင် ရင် ကာရာအိုကေ စားသောက်ဆိုင် လေးဖွင့်ပါလားခင်ဗျာ"

☺ ☺ ☺



www.burmeseclassic.com



## ဘာထူးသလဲ

အောင်မြင်နေတဲ့ စီးပွားရေး လုပ်ငန်းကြီး ပြိုကွဲပြီး စီးပွားပျက် သွားတဲ့လူတစ်ယောက်နဲ့ သိပ်ကို ဆင်းရဲရာကနေ တရှိန်ထိုးကြီးပွား ချမ်းသာလာတဲ့ သူငယ်ချင်းတို့ ဆုံမိ ကြတော့ ...

စီးပွားပျက်သူဌေး ဘယ်လိုလဲ ကွ သူငယ်ချင်းရ။ မင်း က စီးပွားရေး အခြေအနေ ပြောင်း လဲ သွားဘာနဲ့ ဆက်ဆံရေးပါ ပြောင်းလဲ သွားပါ လား။

စီးပွားတက်သူဌေး မင်း သတိ မထား မိလို့ပါကွာ။ မင်းရဲ့ ဆက်ဆံရေးလည်း ပြောင်းလဲ သွားတာ ပါပဲ။



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## သူ့ထက်သူ

ချမ်းသာတဲ့လူနဲ့ ဆင်းရဲတဲ့လူ နှစ်ယောက်စကားများကြတော့ –

လူချမ်းသာ   လူရိုက်ဖို့ ဝန်မလေးဘူးကွ။ အချုပ်ထဲလည်း နေရဲတယ်။ အဆင်းရဲလည်းခံနိုင်တယ်။ ဆင်းရဲရာက ချမ်းသာ လာတဲ့ကောင်ကွ။

လူဆင်းရဲ   ကျုပ်က ခင်ဗျားထက်မိုက်တယ်ဗျ။ ချမ်းသာရာက ဆင်းရဲလာတဲ့ကောင်ပါ"

☺ ☺ ☺







## သိရမှာပေါ့


သူဌေး   မင်းရဲ့အရင်က သူဌေးနဲ့ငါနဲ့ ဘာကွာသလဲ။

ဝန်ထမ်း   နောက်ငါးနှစ်လောက်နေမှ ဖြေပါရစေလားခင်ဗျာ။

သူဌေး   ဘာလို့ ငါးနှစ်အချိန်တောင်းရတာလဲ။

ဝန်ထမ်း   အရင်သူဌေးတုန်းက ကျွန်တော် ငါးနှစ်အလုပ်လုပ်ပြီးချိန်မှာ ဒေဝါလီခံသွားလို့ပါ။

☺ ☺ ☺



## ပြောပါဦး

"လေးစားပါတယ်ဆရာ။ ဆရာတို့အနုပညာကို ငွေနဲ့တန်ဖိုးဖြတ်လို့မရဘူးဆိုတာလည်း သိပါတယ်ခင်ဗျာ"

"နေ နေ နေပါဦး ဒါဖြင့်ခင်ဗျားက ဘာနဲ့တန်ဖိုးဖြတ်မှာလဲ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## မဆိုတချင်နေ့

အသက်ကြီးကြီး လူချမ်းသာတစ်ဦးနဲ့ အသက်ငယ်ငယ် လူချမ်းသာတစ်ယောက် စားသောက်ဆိုင်မှာ ဆုံမိကြတော့ -

လူငယ် ဦးလေးကကြီးမှချမ်းသာတာလား။

လူကြီး အင်း။

လူငယ် ငယ်ငယ်ရွယ်ရွယ်နဲ့ ချမ်းသာရတာကမှ တန်တာ ဦးလေးရ။

လူကြီး ငါ့တူ ထင်လို့ပါ။ ပြန်မွဲပြီဆိုရင် လူငယ်က အကြာကြီး ဒုက္ခခံရမှာကွ။

☺ ☺ ☺



## အကြောင်းမသိလို့

"ခင်ဗျားက အနုပညာအကြောင်း ဘာမှ မသိဘူး။ ခင်ဗျားသိတာက ငွေပဲ။

"မှန်ပါတယ်ခင်ဗျာ၊ ဒါကြောင့်လည်း ဆရာတို့နဲ့ဆက်ဆံလို့ ရနေတာပေါ့"

☺ ☺ ☺





## ဘုဝဲဘာတွက် ရလိုက်တာ

"ဆင်းရဲချင်လည်း ခဏလေးဝဲ၊ ချမ်းသာချင်လည်း ခဏလေးဝဲ၊ စိတ်ဓါတ်မကျပါနဲ့ကွာ။

"ဆင်းရဲချင်တဲ့ ခဏလေးက ရောက်ဖို့မြန်တယ်ဗျာ၊ ချမ်းသာချင်တဲ့ ခဏလေးက ဘယ်အချိန်မှ ရောက်မယ်မသိဘူး။ ဒါနဲ့ ခင်ဗျားချမ်းသာဖို့ ခဏလေးနဲ့ဖြစ်လာပုံ ပြောစမ်းပါဦး"

"(စဉ်းစားလိုက်ပြီး) စပြီး ချမ်းသာတဲ့အချိန်ကို တိတိကျကျပြောရရင် တကယ်ကို ခဏလေးအတွင်းမှာ ချမ်းသာလာတာကွ။ အဖေဝဲလို့ အော်ပြီးစအချိန်လေးမှာပဲ"

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## လက်တွေ့သဘော

"ဆောင်းရင် ပန်းချိကား ဝယ်စုသင့်တယ်၊ ပန်းချိကားဆိုတာ ကြာလေ တန်ဖိုးတက်လေပဲ။ ဒီနေ့ ပန်းချီကားတွေဟာ နောင် နှစ်တရာမှာ အဆတစ်ရာမက တန်ဖိုးတက်သွားမှာပဲ၊ မင်း ဆယ်သိန်းဖိုး ဝယ်ထားရင် သိန်းတစ်ထောင်ဖြစ်သွားမယ်"

"ကျွန်တော်က ကိုယ်စားဖို့ကိုယ် ရှာနေတာပါ"

☺ ☺ ☺

## သူ့အမြင်

"ဒါက စာအုပ် အဟောင်းဈေးပေါ့၊ အဟောင်းတွေချည်း ရောင်းတာ၊ ဈေးကလည်း ကောင်းသလားမမေးနဲ့၊ အသစ်ဈေးထက် ကောင်းတယ်။"

"ဒါဖြင့် မင်းစာအုပ်တွေဟောင်းမှ ထုတ်ရောင်းပါလား"

☺ ☺ ☺







## ကျုပ်ပြဿနာလုပ်ချင်တာ

"ကျွန်တော့်စာမူလေး စာအုပ်ထုတ်ချင်လို့"

"စာအုပ်တွေက အရောင်းကျနေတယ်ဗျာ။ ကျွန်တော့်လက်မှာကို စာမူ ဆယ်ခုလောက် သောင်တင်နေတယ်"

"စာမူခကို အဓိကမထားပါဘူး။ ကျွန်တော်က စာအုပ်ဖြစ်သွားချင်တာ"

"စဉ်းစားပါဦးမယ်ဗျာ"



"ကျွန်တော့်ဟာကျွန်တော် ထုတ်မယ်ဆိုရင်ကောဗျာ၊ ခင်ဗျားစက်မှာပဲ အပ်မယ်လေ။ အဖုံးလည်း ခင်ဗျားပဲ စီစဉ်ပေး၊ စာအုပ်ဖြစ်ထိဆိုပါတော့၊ ဘယ်လောက်ကျမလဲ"

"အင်း၊ အုပ်တစ်ထောင်ရိုက်၊ နှစ်သိန်းလောက်တော့ကုန်မယ်၊ အကုန်ရောင်းရရင် လေးသိန်းကျော်ရမယ်။ ခေါက်ချိုးမြတ်မယ်ဗျာ၊ တစ်ဝက်ဆောင်းရရင်ကို အရင်းကျေ ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားစာအုပ်မျိုးက စိမ်ရောင်းလို့ရတဲ့ စာအုပ်မျိုးပဲ။ ဖေါဖေါ သီသီ အတ်ဆောင် ပေးပစ်ဦး တစ်သိန်းလောက်တော့ မြတ်မယ်။ လုပ်သင့်ပါတယ်။ ကျုပ်တာဝန်ယူ လုပ်ပေးမယ်။

☺ ☺ ☺

## ကတိပေးလေ

"မင်းရဲ့တစ်နေ့ဝင်ငွေဟာ မင်းတစ်ယောက်စာတောင်မရှိဘူး။ မင်းက ဘယ်လိုလုပ်ပြီး ငါ့သမီးကို ကျွေးထားမှာလဲ"

"တစ်ခုရှိရင် တစ်ဖဲ့စားနိုင်ပါတယ်ခင်ဗျာ"

"နှစ်ခုရှိအောင်လုပ်ဖို့တော့ စိတ်မကူးဘူးလား"

"ဦးလေး လာမစားဘူးဆိုရင်တော့ ပိုရှာပါ့မယ်ခင်ဗျာ"

☺ ☺ ☺







## ဘာလုပ်ဖို့ပါလို့

ဈေးသည် ဆရာကြီး စိတ်ချပြီးယူပါ။ များတယ်ထင်ရင် အချိန်မရွေး ပြန်လာပေးလို့ ရပါတယ်။

ဈေးဝယ် များတယ်ထင်မှတော့ အလကားဝယ်ပါ့မလား ငါ့တုရယ်။

☺ ☺ ☺



## စာရောင်းသွက်တဲ့စာအုပ်

စာရေးဆရာများ စုထိုင်နေရာ လက်ဖက်ရည်ဆိုင်အတွင်းသို့ စာအုပ်ရောင်းတဲ့ ဦးစံဗျောဝင်လာရာ – စာရေးဆရာတစ်ဦးက

"ဦးစံဗျော ဘယ်စာအုပ်ရောင်းအကောင်းဆုံးလဲဗျ"

"ဗလာစာအုပ်"

☺ ☺ ☺

www.burmeseclassic.com



## သတင်းကောင်း

ထူထောင်သူ — ကျွန်တော်တို့ ကုမ္ပဏီ ဟာ သုံးနှစ်သက်တမ်း အတွေ့ အကြုံ ကြောင့် လာမယ့် နှစ်မှာတော့ မရှုံး နိုင်တော့ဘူး ဆို တာ သေချာသွား ပါပြီ။

ရှယ်ယာဝင်သူ — ဒါဖြင့် ဒီနှစ်မှာက..

ထူထောင်သူ — ဝမ်း သာ ဖို့ အတွက် အားမွေး ရမယ့်နှစ်ပါ။ လာ မယ့်နှစ်မှာ မရှုံးရ အောင် လုပ်နိုင်ဖို့ အတွက် အတွေ့ အကြုံတွေ အများ ကြီး မြတ်လိုက် တယ်ဆိုတဲ့သတင်း ကောင်း လည်း ပြောကြား အသိ ပေးလိုပါတယ်။



☺ ☺ ☺





## လွယ်ခက်

"ငွေများ ရှာရတာ ခက်သ လောက် သုံးရတာလွယ်တယ်"

"သုံးရတာလည်း မလွယ်ပါဘူး တော်၊ ဖြုန်းရတာသာ လွယ်တာပါ"



☺ ☺ ☺

## မင်းကတွက်ပြောတာပါ

ပထမလူ — မင်း ငါ့ဆီက ယူထား တဲ့ငွေ ပြန်ပေးဦးကွာ။

ဒုတိယလူ — မရှိသေးဘူး သူငယ် ချင်းရာ။

ပထမလူ — အဲသလို အလွယ်မပြော နဲ့လေ။ လူတွေဟာ ငွေ ကြောင့်ခင်မင်ကြရသလို ငွေကြောင့် အမုန်းပွားရ တတ်တယ်ကွ"

ဒုတိယလူ — စိတ်ထိန်းပါ သူငယ် ချင်းရာ။ ငွေပေးပြီး အမုန်းခံရရင် မတန်ပါ ဘူးကွာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## သိတယ်လေ

"ဟာ သူငယ်ချင်း မင်းတော်တော် အလုပ်ဖြစ်နေတယ် ကြားပါတယ်"

"အင်း မဆိုးပါဘူး။ သူများ ချေးလောက် ငှားလောက်အောင်တော့ မဝင်သေးဘူးပေါ့ကွာ"

☺ ☺ ☺



## တွေ့ကြသေးတာပေါ့

"အစောက ပြန်သွားတဲ့လူ လာလာကြည့်နေတာ ဆယ်ရက်လောက်ရှိပြီ။ ဘာမှ ဝယ်သွားတာလဲ မတွေ့ဘူး။ သူက ဘာလိုချင်တာတဲ့လဲ"

"ကောင်တာနောက်ရပ်နေတာတဲ့ရှင့်"

"ကောင်းပြီ နက်ဖြန် ငါရပ်စောင့်နေမယ်"

☺ ☺ ☺





## ဘာသင်မမှတ်ကြောင်

ပထမလူ သူငယ်ချင်းမင်းကို ငါ
တကယ်ခင်တယ်ဆိုတာ
သိတယ်မဟုတ်လား။
ဒုတိယလူ သိပါတယ်ကွာ။ မင်း
ငါ့ဆီက တစ်ခါမှ ငွေ
မချေးဘူးလေ။

☺ ☺ ☺

## မိုးမှမိုး

"ဒီအင်္ကျီပြန်လဲလို့ရမလား"

"ရပါတယ်။ ဘယ်လိုအရောင်ယူမလဲ"

"ဒီအရောင်ပဲ"

"နံပါတ်ရော"

"ဒီနံပါတ်ပဲပေးပါ"

"အမျိုးအစားရော"

"ဒီအမျိုးအစားပဲယူမှာပါ"

"ဒါဖြင့် ဘာလို့လဲချင်ရတာလဲခင်ဗျာ"

"ကွမ်းသွေးစွန်းသွားလို့ပါ"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## အမြဲတမ်းမလိုချင်မှတော့


ဈေးသည် ကျွန်တော် အရင်းအတိုင်း ပေးလိုက်ပါမယ်။ ငွေပေါ်ချင်လို့ပါ။

ဈေးဝယ် ဘာလို့ ငွေပေါ်ချင်ရတာလဲ။

ဈေးသည် အရင်းလိုလို့ပါ။

ဈေးဝယ် ဒါဖြင့် ငါက မင်းဆီက ဝယ်ပြီးပြီလို့ သဘောထားလိုက်။ မင်းက အဲဒီငွေနဲ့ ဒီကုန်တွေပြန်ဝယ်ထားတယ်လို့ သဘောထားလိုက်ပေါ့ကွာ။ ဘာလို့ အလုပ်ရှုပ်ခံနေတော့မှာလဲ"

☺ ☺ ☺







## ကျွန်တော်မမှားပါဘူး

စက်ချုပ်ဆိုင်ကို လူနှစ်ယောက်ဝင်လာပါတယ်။


ပထမလူ ခင်ဗျား ချုပ်ပေးလိုက်တဲ့ အင်္ကျီက သိပ်ပွနေလို့။

စက်ချုပ်ဆရာ ကြီးထိ ဝတ်ရတာပေါ့ဗျာ။

ဒုတိယလူ ဆရာကြီး ခင်ဗျား ချုပ်ပေးလိုက်တဲ့ ကျွန်တော့်ကလေးရဲ့ အင်္ကျီက သိပ်ကျပ်နေလို့။

စက်ချုပ်ဆရာ ခင်ဗျားရဲ့ ကလေးက အထွားမြန်လို့ ဖြစ်ပါလိမ့်မယ်။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



## မှင်ပြီလား

"ဒီခြေနင်းလဲလို့ ရမလား"

"ဘာလို့လဲ"

"သိပ်ကြီးနေလို့"

"ဘယ်လောက်ကြီးတာလဲ"

"ဒီနေ့ပြေးတဲ့ဆီမှာ သူက ကျွန်တော့်အရင် ပန်းဝင်သွားလို့ပါ"

☺ ☺ ☺

## သင့်တော်တဲ့အလုပ်

"အသက်ကြီးတဲ့ လူတစ်ယောက်နဲ့ လိုက်ဖက်တဲ့အလုပ် မင်းတို့ ဌာနမှာ မရှိဘူးလား"

"မရှိပါဘူးခင်ဗျာ"

"ကဲ မင်းတို့ဌာနက အသက်ကြီးတဲ့ လူတွေ ဘာလုပ်သလဲ"

"သူတို့ ပင်စင်ယူသွားကြတာပဲ"

"ငါ့ကို အဲဒီအလုပ် မပေးနိုင်ဘူးလား"



☺ ☺ ☺





## တွေ့လိမ့်နိုး

"တချို့လူတွေက စိတ်ဆင်းရဲစရာကို အပင်ပန်းခံပြီး လိုက်ရှာတာဗျ"

"ဟုတ်ရဲ့လား"

"ဟုတ်မှဟုတ်။ ကျုပ် မိန်းမလေ။ မနေ့က ကျုပ်ရဲ့ စက္ကူရုံထေရှိနဲ့ ထမင်းစားတာကိုသိသွားပြီး တစ်မြို့လုံးလိုက်ရှာသတဲ့လေ"

☺ ☺ ☺

## အကြွေးက အကြွေးပဲ

"အကြွေးမရောင်းဘူးကွ။ ငွေအပြေပေးပါ"

"ကျွန်တော့်မှာ ခရက်ဒစ်ကဒ် ပါပါတယ်။ ဘဏ်က ပေးထားတဲ့ အကြွေးကဒ်ပါ"

"ဘဏ်ကိုတော့ ယုံပါတယ်။ ရှက်နှာလိုက်တယ်ဖြစ်မှာစိုးလို့ မရောင်းပါရစေနဲ့ ငါ့တူရယ်"



☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



## ဒွင့်မြနိုင်တော

"တို့လုပ်ငန်းကို တိုးရဲ့ရရင် မကောင်းဘူးလား"

"စက္ကူရှိထေရှိထားဖို့ မလိုတဲ့ အဆင့်ထိ တိုးရဲ့လို့ရပါတယ်မောင်"

☺ ☺ ☺

## ဒါနဲ့များ

"ကျွန်တော်က အလုပ်လုပ်ပြီဆိုရင် အမြတ်မရချင်နေ မရှုံးရင်ပြီးရော"

"ဟောဗျာ ဒါနဲ့များ ထိုင်နေတာတော့မဟုတ်ဘူး"



☺ ☺ ☺

## သတ္တိသာချင်ဘူ

"နားရက်မှာ အလုပ်ဆင်းလို့ရမလားခင်ဗျာ"

"ဘာလို့လဲ"

"အိမ်မှာက နားနားနေနေ နေလို့မရလို့ပါ"

☺ ☺ ☺





## ဟုမှုပါနဲ့

"ငါ့သား သိပ်ပြီး အပျော်အပါးနောက်မလိုက်ပါနဲ့ကွာ၊ မင်းဟာကြာခင်ငါ့နေရာဝင်ရမှာပါ၊ အလုပ်ကို စိတ်ဝင်စားပါဦး"

"ဒါဖြင့် သားနေရာ ဘယ်သူ ဝင်မှာလဲဟင်"

"ငါဝင်မှာပေါ့ကွာ"

☺ ☺ ☺



## ရေမြဲညာကြည့်ပြီး

"မင်းက ဘာလို့ ကြော်ငြာ ဓော်ဒယ်ကိုမှ မရမနေနိုင်ဖြစ်နေရတာလဲ"

"ဩော် အိမ်ထောင်ကျပြီးရင် ကိုယ့်ကို အပြစ်မပြောမယ့်သူ ရှာရတော့ပေါ့ကွာ"

☺ ☺ ☺



www.burmeseclassic.com